# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၈၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၄

ယနေ့ ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ နယ်မြေခံရေတပ် လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်၍ အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)


*စာမျက်နှာ ၃ ကော်လံ ၁* ❐


☆ **တပ်မတော်(ရေ)အနေဖြင့် (၇၅)နှစ်တာကာလ ဖြတ်သန်းလာရသည့် သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေးအမြင်၊ အတွေ့အကြုံများ၊ စိုက်ထူခဲ့သည့် သမိုင်းမှတ်တိုင်များကြောင့် "ရေမြင့်၍ ကြာတင့်သည့်ပမာ" ဒေသတွင်း ရေတပ်များနှင့် ရင်ပေါင်တန်းနိုင်သည့်အဆင့် အထိ ရောက်ရှိလာခဲ့ပြီဖြစ်**

## ယနေ့ ဖတ် စ ရာ


**သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရော ဆောင်ရွက်**
ပြည်တွင်းသတင်း | စာ ၁၃

**အမေရိကန်၌ ရေခဲများနှင့် နှင်းမုန်တိုင်းများကြောင့် ရာနှင့်ချီသည့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းရ**
နိုင်ငံတကာသတင်း | စာ ၁၅

*(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး*
**လွတ်လပ်သည့်မြန်မာဟူသော ဂုဏ်ဒြပ်နှင့်အတူ လက်ဆင့်ကမ်းပေးရမည့်အမွေအနှစ်**
ဆောင်းပါး | စာ ၁၆

# ငြိမ်းချမ်းခြင်းနှင့် ကောင်းချီးမင်္ဂလာ ပြည့်စုံပါစေသော်

ယနေ့ ဒီဇင်ဘာလ ၂၅ ရက်နေ့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ ရှိကြသည့် ခရစ်ယာန်ဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ခရစ္စမတ်နေ့ဖြစ်သည်။ ခရစ္စမတ်အခါသမယသည် ကမ္ဘာမြေပေါ်တွင် ငြိမ်းချမ်းခြင်းနှင့် လူသားတို့အပေါ် ကောင်းချီးမင်္ဂလာကျရောက်စေခြင်း သတင်းစကားနှင့်အတူ မင်္ဂလာတရားနှင့် ပြည့်စုံစွာ အေးမြသာယာသည့် ချိန်ခါလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဘာသာကြီးလေးခုဖြစ်သော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့အပြင် အခြားဘာသာများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပြုထားသည်။ မြန်မာ့လူမှုအသိုက်အဝန်းတွင် မိမိတို့ယုံကြည်ရာဘာသာတို့ကို ယုံကြည်ကိုးကွယ်ကြရင်း နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ကာ အပြန်အလှန် လေးစားစွာဖြင့် နိုင်ငံတော်ကို စည်းစည်းလုံးလုံး အတူတကွ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ဘာသာတရားတို့၏ အဆုံးအမ တရားတော်များနှင့်အညီ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်၍ မကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုသုစရိုက်တို့ ပွားများစေခြင်း၊ စိတ်နှလုံးဖြူစင်စေရန် ဆောက်တည်ခြင်းနည်းအားတို့ဖြင့် မြန်မာ့လူ့ဘောင်စဉ်ဆက်မပြတ် တည်တံ့လာခဲ့ခြင်းလည်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၃၀ ကျော် အတူတကွ နေထိုင်ကြပြီး ကိုးကွယ်ရာ ဘာသာပေါင်းစုံလည်းရှိသည့် မိမိတို့နိုင်ငံတွင် အဓိကလိုအပ်နေသည်မှာ ငြိမ်းချမ်းရေးဖြစ်သည်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ချစ်ခြင်းနှင့် သနားကရုဏာတို့ ခန်းခြောက်နေခြင်းသည် ငြိမ်းချမ်းရေး မရရှိနိုင်သော အကြောင်းတရားများပင်ဖြစ်ရာ ငြိမ်းချမ်းရေးကို လိုလားပါက အဆိုပါတရားတို့ကို လူတိုင်း၏ စိတ်နှလုံး၌ ကိန်းဝပ်စွဲမြဲလာစေဖို့ မွေးမြူသွားကြရမည်ဖြစ်သည်။ စင်စစ်အားဖြင့် မိမိနေထိုင်ရာ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းသာယာအောင် တည်ဆောက်ကြရမည်မှာ လူသားတို့၏ တာဝန်ဖြစ်သည့်အလျောက် ဘာသာတရားတိုင်းကလည်း ဆုံးမထားကြခြင်းပင်ဖြစ်သည်။

"ဘာသာတရားတိုင်းသည် ငြိမ်းချမ်းမှုကို အခြေပြုထားသဖြင့် လူ့အဖွဲ့အစည်းတိုင်းတွင်လည်း ငြိမ်းချမ်းမှုလိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးတံခါးများ အမြဲဖွင့်လှစ်ထားသကဲ့သို့ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးအတွက် အမြဲအသင့်ရှိနေပါကြောင်း"ဖြင့် ဒီဇင်ဘာလ ၂၃ ရက်က ရန်ကုန်မြို့ Holy Cathedral Church တွင် ကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ခရစ္စမတ်အခါသမယသည် နှိမ့်ချခြင်း၊ ငြိမ်းချမ်းငြိမ်သက်ခြင်း၊ မေတ္တာ၊ ကရုဏာတရားတို့ပြသခြင်းနှင့်အတူ စိုးရိမ်ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ ကင်းပျောက်လွင့်ပြယ်စေလျက် မိမိတို့နိုင်ငံနှင့် မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်လုံး သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေး ဆောင်ရွက်ရာတွင် ဘာသာသာသနာ၏ အဆုံးအမများနှင့်အညီ အားလုံးပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အသိပေးနှိုးဆော်ချက်

(၇၅) နှစ်မြောက်၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ ၀၄:၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာ နှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာ နှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့၌ စိန်ရတုလွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

ထန်ပါခွေ ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ထန်ပါခွေမြို့၌ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

မျိုးဆက်သစ် လူငယ်များ လွတ်လပ်ရေးနေ့ကို အစဉ်အမြဲ မမေ့အပ်စေရေးနှင့် အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်စေရေးအတွက် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အားကစားပြိုင်ပွဲတွင် ဘောလုံးအသင်း လေးသင်းနှင့် ဘော်လီဘောအသင်း ငါးသင်း စုစုပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး အခြားအားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အလန်**

# ပင်လယ်ပြင်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်ပြီး ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများကိုသုံးသပ်ကာ မြန်မာ့ရေကြောင်းအကျိုးစီးပွားများ ကာကွယ်ရန် တပ်မတော်(ရေ)ကို မဟာဗျူဟာအမြင်ဖြင့် စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးလျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

❒ *ရွှေဖုံးမှ*

ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

### လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့သည် တပ်မတော်(ရေ)၏ (၇၅) နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို ဖွဲ့စည်းပြီး ၁၁ ရက်အကြာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိခဲ့သည့်အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများဆောင်ကြဉ်းပေးခဲ့သည်ဟု ယူဆနိုင်သကဲ့သို့လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် တပ်ဖွဲ့တစ်ခုလည်းဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

မိမိတို့ တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့်တိုင်းရင်း သားညီအစ်ကိုမောင်နှမများနှင့် ဖွဲ့စည်းထားသော မျိုးချစ်ပြည်ထောင်စု တပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူများနှင့်လက်တွဲ၍ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက်ခဲ့ကြသည်ကို ခေတ်အဆက်ဆက် အထင်အရှား တွေ့မြင်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ကုန်းမြေဧရိယာ၏ တစ်ဝက်ကျော်ရှိသည့် ရေပြင်ဧရိယာသည် စတုရန်းရေမိုင်ပေါင်း ၁၄၄၉၁၂ မိုင်ရှိပြီး ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ရေသတ္တဝါများ နားခိုကျက်စားရာ နေရာများနှင့် ကျွန်းကြီး၊ ကျွန်းငယ်များ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝအလှတရားများစွာတို့နှင့် ပြည့်နှက်နေကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်လယ်ပြင်မှ အဓိကဖော်ဆောင်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရေပြင်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားရှိပြီး ကုန်သွယ်ရေလမ်းကြောင်းများ ထိန်းချုပ်နေရာ(Choke Point)များကို စိုးမိုးချုပ်ကိုင်ထားနိုင်သော သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်ကောင်းကို ရရှိထားခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ထို့အပြင် အမေရိကန်၏ Indo–Pacific Strategy၊ တရုတ်၏ Two Ocean Strategy၊ အိန္ဒိယ၏ Act East Policy တို့ ဆုံမှတ်နေရာဖြစ်နေသည်ကိုလည်း သတိပြုဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပင်လယ်ပြင်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်ပြီး ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများကိုသုံးသပ်ကာ မြန်မာ့ရေကြောင်းအကျိုးစီးပွားများ ကာကွယ်ရန် တပ်မတော်(ရေ)ကို မဟာဗျူဟာအမြင်ဖြင့် စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

**❝ တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ဖွဲ့စည်းထားသော မျိုးချစ်ပြည်ထောင်စု တပ်မတော်ဖြစ်၊ နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူများနှင့် လက်တွဲ၍ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက်ခဲ့ကြသည်ကို ခေတ်အဆက်ဆက် အထင်အရှားတွေ့မြင်ရမည် ❞**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

### စနစ်တကျဖွဲ့စည်းနိုင်ခဲ့

တပ်မတော်(ရေ)၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၂ ရာစု အစပိုင်းကပင် မြန်မာ့ရေတပ်အစပြုခဲ့ပြီး ၁၈ ရာစု ကုန်းဘောင်မင်းဆက်၊ ရတနာပုံခေတ်၌ ရာထူးဌာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များနှင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သာယာဝတီမင်း၏ ဒဂုံရေကြောင်းချီအခမ်းအနားသည် မိမိတို့မြန်မာ့ရေတပ်၏ အရည်အသွေးကို ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်ကြောင်း။

သမိုင်းအစဉ်အလာကောင်းခဲ့သည့် မြန်မာ့ရေတပ်သည် လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝရောက်ရှိခဲ့မှုနှင့်အတူ တိမ်မြုပ်ခဲ့ရကြောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ဗမာပြည် ဘုရင့်အပျော်တမ်း အရန်ရေတပ် (BRNVR) ပေါ်ပေါက်လာပြီး ၁၉၄၆ ခုနှစ်တွင် ဗမာပြည်ဘုရင့် အပျော်တမ်းအရန်ရေတပ်ကို အရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦးတို့နှင့် အမြဲတမ်းရေတပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ပြင်ဆင်ခဲ့ကြောင်း၊ ဖရီးဂိတ်စစ်ရေယာဉ် တစ်စင်းနှင့် ဆိပ်ကမ်းကာကွယ်ရေးရေယာဉ် HDML (Habour Defence Motor Launch) ၁၃ စင်းကိုလည်း ထည့်သွင်းဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ဗမာပြည်ဘုရင့်အပျော်တမ်း အရန်ရေတပ် (BRNVR)ကို "ဗမာ့ရေတပ်မတော် (Burma Navy)" အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် တပ်မတော်(ရေ) သည် တပ်မတော်(ကြည်း/လေ) တို့နှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့ကြောင်း။

### စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင် ဒီဇိုင်းရေးဆွဲ တည်ဆောက်နိုင်

မြန်မာ့ပင်လယ်ပြင်ကို လုံခြုံစွာကာကွယ်ရန်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် နိုင်ငံတော်လွတ်လပ်ရေးရရှိပြီးချိန်မှစပြီး ယနေ့အထိ ခေတ်အဆက်ဆက် ရေတပ်သားများသည် ပခုံးပြောင်း တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း၊ တပ်မတော်(ရေ) တိုးတက်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အဆက်ဆက်၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုတို့ဖြင့် အစဉ်တစိုက် တည်ဆောက်လာခဲ့ကြောင်း၊ ယခုအခါ စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင် ဒီဇိုင်းရေးဆွဲ တည်ဆောက်နိုင်သည့် တပ်မတော်(ရေ) အဖြစ် တက်လှမ်းနိုင်ခဲ့ကြောင်း။

### ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်ဆောင်ရွက်နေပြီဖြစ်

စစ်ရေယာဉ်ကြီးများကို ပင်လယ်ပြင်တွင် သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်ရန်အတွက် ရည်မှန်းချက်ထား တည်ဆောက်ပေးနိုင်ခဲ့သကဲ့သို့ တပ်မတော်(ရေ) ၏ စစ်မဟာဗျူဟာများဖြစ်သည့် Active Defence Strategy နှင့် Two Sea Strategy အရ ဆက်လက်တည်ဆောက်ရမည့် စစ်ရေယာဉ်များကိုလည်း လျာထားစီမံ တည်ဆောက်လျက်ရှိကြောင်း၊ စစ်ရေယာဉ်များ တိုးတက်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဖရီးဂိတ်စစ်ရေယာဉ်များနှင့် သီးသန့်စီးပွားရေးဇုန်အတွင်း သမားရိုးကျ စစ်ပွဲများကို ဆင်နွှဲနိုင်သည့်ရေတပ်၊ တရားဥပဒေစိုးမိုးရေးကို အပြည့်အဝထမ်းဆောင်နိုင်သော ရေတပ်အဖြစ် ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ပေးနိုင်ခဲ့ကြောင်း၊ မြစ်တွင်း စစ်ရေယာဉ်များတွင်လည်း Armor Plate များ တပ်ဆင်ထားပြီး ထိရောက်စွာ စစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များအဖြစ် တည်ဆောက်ပေးခဲ့ကြောင်း။

ယင်းနေရာ၌ တပ်မတော်(ရေ)၏ တိုက်စွမ်းအားများကို ဖြည့်ဆည်းပေးနေသည့် အင်ဂျင်နီယာတပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ အရေးပါမှုနှင့် ကြိုးပမ်းအားထုတ်မှုကိုလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း၊ တပ်မတော်(ရေ)၏ ရေယာဉ်တည်ဆောက်ရေး ဗိသုကာပညာရှင်တစ်ဦးဖြစ်သည့် ဆရာရှမ်းကို ဂုဏ်ပြုသည့်အနေဖြင့် Floating Dock များကို ဆရာရှမ်းအမည်ဖြင့် တည်ဆောက်တပ်တော်ဝင်ပေးခဲ့ကြောင်း၊ မိမိတို့ရည်မှန်းခဲ့သည့် **"ဝယ်ယူအသုံးပြုသူမှ ကိုယ်တိုင် တည်ဆောက်သူ (Buyer to Builder)"** အဖြစ် ပြောင်းလဲနိုင်ခဲ့သည့် ခေတ်မီ Platform များ၊ စွမ်းရည်မြင့်လက်နက်နှင့် လက်နက်စနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ကိရိယာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် ရေပြင်သွားစစ်ရေယာဉ်ကြီးများသာမက ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာခဲ့ပြီး သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် ရေတပ်အဖြစ် ခြေလှမ်းသစ်တစ်ရပ်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော် (ရေ)၏ တိုက်စွမ်းရည်တိုးတက်စေရေးအတွက် တစ်ဦးချင်းလေ့ကျင့်ရေး၊ အဖွဲ့လိုက် လေ့ကျင့်ရေးမှသည် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်လေ့ကျင့်ခန်းများအထိ နှစ်စဉ် လေ့ကျင့်ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့ကြောင့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield)များကို ၂၀၁၄ ခုနှစ်က စတင်လေ့ကျင့်ခဲ့ပြီး ၂၀၂၂ ခုနှစ်အထိ နှစ်စဉ်

**❝ စစ်ရေယာဉ်ကြီးများကို ပင်လယ်ပြင်တွင် သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်ရန်အတွက် ရည်မှန်းချက်ထား တည်ဆောက်ပေးနိုင်ခဲ့သကဲ့သို့ တပ်မတော်(ရေ) ၏ စစ်မဟာဗျူဟာများဖြစ်သည့် Active Defence Strategy နှင့် Two Sea Strategy အရ ဆက်လက်တည်ဆောက်ရမည့် စစ်ရေယာဉ်များကိုလည်း လျာထားစီမံ တည်ဆောက်လျက်ရှိ၊ စစ်ရေယာဉ်များ တိုးတက်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဖရီးဂိတ်စစ်ရေယာဉ်များနှင့် သီးသန့်စီးပွားရေးဇုန်အတွင်း သမားရိုးကျစစ်ပွဲများကို ဆင်နွှဲနိုင်သည့်ရေတပ်၊ တရားဥပဒေစိုးမိုးရေးကို အပြည့်အဝထမ်းဆောင်နိုင်သော ရေတပ်အဖြစ် ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်ဆောင်ရွက်နေပြီဖြစ် ❞**

### စွမ်းအားမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှု ဆိုသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့် ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်သည့် နေရာတွင်လည်း ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိရန် ဖရီးဂိတ်စစ်ရေယာဉ်ကအစ မြစ်တွင်းအမြန်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်များအဆုံး၊ အထောက်အကူပြုရေယာဉ်များပါမကျန် အမျိုးအစား စုံလင်စွာ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေယာဉ်ကိုယ်ထည် ဒီဇိုင်းများကိုလည်း ကိုယ်ပျောက်နည်းပညာ (Stealth Technology) ဒီဇိုင်းအထိ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ကိုယ်တိုင်တိုးတက်တည်ဆောက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မောင်းနှင်မှုစနစ်များတွင်လည်း Waterjet Propulsion စနစ် အသုံးပြုနိုင်ပြီး ရေမိုင် ၄၀ အထက် မောင်းနှင်နိုင်သည့် ရေယာဉ်များအထိ စွမ်းအားမြှင့်ဆောင်ရွက်အတွက် ပထမအဆင့်အနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် အရပ်ဘက်/စစ်ဘက် ရေယာဉ်များ တည်ဆောက်ရေး မျှော်မှန်းချက်ကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ရေအောက်စစ်ဆင်ရေးကဏ္ဍအတွက် အလွန်အရေးကြီးသည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘော နှစ်စင်းကို ရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး ဒေသတွင်း၌ ရေငုပ်သင်္ဘော လက်ဝယ်ပိုင်ဆိုင်သည့် ရေတပ်အဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရေငုပ်သင်္ဘောတပ်ဖွဲ့ကိုလည်း ရေရှည်ဆက်လက်ချီတက်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း။

### ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာ


တပ်မတော်(ရေ)၏ ကဏ္ဍကြီး ၄ ရပ်ကို ထမ်းဆောင်ရာတွင် စစ်ရေးကဏ္ဍအနေဖြင့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ဟန်ချက်ညီ တိုးတက်မှသာ တိုက်ပွဲဝင်အသင့်ဖြစ်သည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရရှိရေးအတွက် စစ်ဆင်မှု နယ်ပယ် ၄ ရပ်တွင် စစ်ဆင်နိုင်မည့် နှစ်တိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မပျက်မကွက် တက်ရောက်ခဲ့ကြောင်း၊ ကာကွယ်ရေး၏ သဘောသဘာဝသည် ကြိုတင်မျှော်တွေးပြင်ဆင်လေ့ကျင့်နေရခြင်းဖြစ်သဖြင့် အမြဲတမ်းလေ့ကျင့်နေမှသာ ပင်လယ်ပြင်မှ ကျူးကျော်လာသည့် မည်သည့်ရန်သူကိုမဆို အချိန်အခါမရွေး တုံ့ပြန်ချေမှုန်းနိုင်မည်ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင် ကာကွယ်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ပင်ဖြစ်ကြောင်း။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကဏ္ဍအနေဖြင့် ပင်လယ်ပြင်တွင် ဘေးဒုက္ခရောက်နေသည့်သူများကို ကူညီခြင်း၊ နိုင်ငံရပ်ခြားတွင် ဒုက္ခမျိုးစုံခံနေရသည့် မိမိတို့သွေးချင်းတိုင်းရင်းသားပြည်သူများကို ပြန်လည်ခေါ်ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး တာဝန်များထမ်းဆောင်ခြင်း၊ ကမ်းရိုးတန်းနှင့် ကျွန်းနေပြည်သူလူထုတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း စသည့်

*စာမျက်နှာ ၅ သို့*

**“အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။”**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၂ ရက်နေ့တွင် (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**



ပုဂံရှုခင်းအလှ ဓာတ်ပုံ - ဦးနေလင်း(ပြန်/ဆက်)

- **နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ပင်လယ်ကို ထိရောက်စွာ ကာကွယ်နိုင်ရေးနှင့် ဒေသတွင်း ရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ရေး (၇၅) နှစ်တာခရီးကို အောင်မြင်စွာ ဖြတ်ကျော်လျှောက်လှမ်းခဲ့**
- **လက်ဆင့်ကမ်း ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် အရာရှိ၊ စစ်သည်များအနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများ ကာကွယ်ရေးအတွက် “လှေခွက်ချည်းကျန် အလံမလှဲ” စိတ်ဓာတ်နှင့် ကျောချင်းကပ် ရင်ချင်းအပ်ပြီး “မြန်မာ့ပင်လယ် ဒို့ကာကွယ်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလို**

*စာမျက်နှာ ၄ မှ*

လုပ်ငန်းများ များစွာပါဝင်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မလေးရှားနှင့် အိန္ဒိယနိုင်ငံ အက်ဒမန်ကျွန်းတွင် ကာလရှည်စွာ ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသားများကို ၂၀၂၁ ခုနှစ်အတွင်း ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူလူထုကျန်းမာရေးအတွက် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုစွန်) တို့ဖြင့် နှစ်စဉ်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ပြည်သူလူထု သုံးသိန်းခန့်ကို ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

### ဂုဏ်ယူဖွယ်မှတ်တမ်းအဖြစ် ကျန်ရှိ

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာမှု ရှိစေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စည်ကားမှုကို အထောက်အကူပြုစေရေး၊ အများပြည်သူ ကြည်ညိုဖူးမြော်နိုင်ရေးနှင့် ကုသိုလ်သဒ္ဓါတရား ပွားများနိုင်စေရေးအတွက် ရည်ရွယ်ပြီး ကမ္ဘာ့အကြီးဆုံး စကျင်ဆင်းတုတော်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ စကျင်ကျောက် တန်ချိန် ၆၀၀၀ ကျော်ကို ရေယာဉ်များနှင့် သယ်ယူပို့ဆောင်ခဲ့ရာတွင် တပ်မတော်(ရေ)က စစ်ရေယာဉ်များနှင့် အရာရှိ၊ စစ်သည်များ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ကြခြင်းသည်လည်း သာသနာ့သမိုင်းတွင် ဂုဏ်ယူဖွယ်မှတ်တမ်းအဖြစ်ကျန်ရှိနေမည်ပင်ဖြစ်ကြောင်း။

တပ်မတော်(ရေ)၏ သံတမန်ရေးရာကဏ္ဍအနေဖြင့် အိမ်နီးချင်းရေတပ်များ၊ နိုင်ငံတကာရေတပ်များနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပြီး တပ်မတော်၏ အဆင့်အတန်းကို ပြသနိုင်ခဲ့ကြောင်း၊ ဒေသတွင်း၊ နိုင်ငံတကာရေတပ်များနှင့် နယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်ခြင်း အပါအဝင် ရေတပ်ဆိုင်ရာ တွေ့ဆုံပွဲများ၊ ရေကြောင်းလုံခြုံမှုဆိုင်ရာ လေ့ကျင့်ခန်းများကိုလည်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သံတမန်ရေးရာကဏ္ဍကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းကို အသိအမှတ်ပြု ပြောကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၏ ခေတ်အဆက်ဆက် ဦးဆွေးဆံမြည့်၊ သက်စွန့်ကြိုးပမ်း၊ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့မှုများကြောင့် နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူး၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့/တံဆိပ်/လက်မှတ်များကို သီဟသူရ တစ်ဦး၊ သူရဘွဲ့ ၁၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၆၅ ဦး အပါအဝင် အရာရှိ၊ စစ်သည် ၄၁၆ ဦးအား ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် (၇၅)နှစ်တာကာလ ဖြတ်သန်းလာရသည့် သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေးအမြင်၊ အတွေ့အကြုံများ၊ စိုက်ထူခဲ့သည့် သမိုင်းမှတ်တိုင်များကြောင့် **“ရေမြင့်၍ ကြာတင့်သည့်ပမာ”** ဒေသတွင်း ရေတပ်များနှင့် ရင်ပေါင်တန်းနိုင်သည့်အဆင့်အထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ပင်လယ်ကို ထိရောက်စွာ ကာကွယ်နိုင်ရေးနှင့် ဒေသတွင်း ရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ရေး (၇၅) နှစ်တာခရီးကို အောင်မြင်စွာ ဖြတ်ကျော်လျှောက်လှမ်းခဲ့ကြကြောင်း၊ ယနေ့အချိန်၌ သုံးဘက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy)အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့်ပြည်သူက အားကိုးရသည့် တပ်ဖွဲ့ကြီးတစ်ခုအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အဓိကမှာကြားလိုသည်မှာ လက်ဆင့်ကမ်း ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် အရာရှိ၊ စစ်သည်များအနေဖြင့်လည်း မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများကာကွယ်ရေးအတွက် **“လှေခွက်ချည်းကျန် အလံမလှဲ”** စိတ်ဓာတ်နှင့် ကျောချင်းကပ် ရင်ချင်းအပ်ပြီး **“မြန်မာ့ပင်လယ် ဒို့ကာကွယ်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။ ယင်းနောက် တပ်မတော်(ရေ)မှ အရာရှိများ၏ **စိန်ရတုလှမ်းချီ သားကောင်းဇာနည် အဏ္ဏဝါစစ်သည်** သီချင်းနှင့် **အဏ္ဏဝါစစ်ချီ** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်လည်း မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်ရုံးအဆောက်အဦဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

### အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် အဆောက်အဦ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်ရုံး အဆောက်အဦအတွင်းနှင့် အဆောက်အဦအပေါ်တို့မှ နယ်မြေဒေသအခြေအနေများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့်ကာကွယ်ရေးအင်အားစု တည်ဆောက်ပိုင်ဆိုင်ခြင်းဖြစ်

**နေပြည်တော်    ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတားၛ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV၊ ရုရှားတပ်မတော် ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral IGOR MUKHAMETSHIN နှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်စခန်း ဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

### လွှဲပြောင်းပေးအပ်

အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာ စစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လည်းကောင်း၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှူးက မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်ထံ တပ်မတော်(ရေ)မှ လွှဲပြောင်းပေးအပ်သည့် စစ်ရေယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များနှင့် (၆၅) နှစ်မြောက် တပ်မတော်(ရေ)နေ့မှ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နေ့အထိ ၁၁ နှစ်တာ ကာလအတွင်း တပ်တော်ဝင်၊ တိုးတက်ဖွဲ့စည်းခဲ့သည့် စစ်ရေယာဉ်များ၏ အထိမ်းအမှတ် တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ် ပေးအပ်စဉ်။

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ် (ရေ) က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း (၈)ချက်တီးခြင်းနှင့် တပ်တော်ဝင် လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်သည်။

**❑ မျက်မှောက်ခေတ် ကြုံတွေ့နေရသည့် စစ်ဆင်ရေးသဘောသဘာဝအရ တပ်မတော်(ရေ)အနေဖြင့် သမားရိုးကျစစ်ဆင်ရေးများအတွက် ပင်လယ်ပြင် တိုက်ပွဲဝင်နိုင်ရေး (Open Sea Battle) ကို ပြင်ဆင်နေရသကဲ့သို့ လက်ရှိလုံခြုံရေးအခြေအနေများအရ မြစ်တွင်းစစ်ဆင်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လာရ၊ ယခုတပ်တော်ဝင်သည့် ၂၃ မီတာ တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်များကို မြန်မာ့ရေမြေ လိုအပ်ချက်အတိုင်း ဆန်းသစ်တီထွင်ကာ ပိုမိုတောင့်တင်းခိုင်မာသည့် Armor Plate များနှင့် တည်ဆောက်ထားခြင်းဖြစ်ပြီး မြစ်တွင်းစစ်ဆင်ရေး၊ လုံခြုံရေးနှင့် တပ်ဖွဲ့တင် တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အဓိကရည်ရွယ်ခြင်းဖြစ်၊ ယခုစစ်ရေယာဉ်များပေါ်တွင် ခြေလျင်တပ်ဖွဲ့များတင်ဆောင်ပြီး ရေကြောင်းပစ်ကူပေးနိုင်ရန်နှင့် ကမ်းထိုးကမ်းတက်စစ်ဆင်ရေးများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်**

### တပ်တော်ဝင်ရေယာဉ်များ ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော အမြန်သွား ကင်းလှည့်ရေယာဉ် နှစ်စင်း အပါအဝင် တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ် နှစ်စင်းနှင့် ရေသယ်ရေယာဉ်တစ်စင်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် တပ်တော်ဝင်သော ရေယာဉ်များနှင့် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲသိခ်သူ)တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်တော်ဝင်စစ်ရေယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၆ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### ချီတက်အလေးပြု

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ် ( ရန်တိုင်းအောင်) နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်) တို့က အမြောက် (၂၁)ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ် စစ်ရေယာဉ် (အောင်ဇေယျ) ဦးဆောင်သော **ဖရီးဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)၊ ဖရီးဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)**၊ ကမ်းလွန်ကင်းလှည့်ရေယာဉ်(အင်းလေး)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ အမြန်သွား ကင်းလှည့်ရေယာဉ်တို့က Single Line Formation ပုံစံဖြင့်လည်းကောင်း၊ အမြန်သွား တိုက်ခိုက်ရေးရေယာဉ်ရှစ်စင်းတို့က Line Abreast ပုံပြု ပုံစံများဖြင့်လည်းကောင်း ပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ် လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင် ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်သကဲ့သို့ တပ်မတော်(ရေ)အတွက် ပဉ္စမနှင့် ဆဋ္ဌမမြောက် Super Dvora အမြန်သွား ကင်းလှည့်ရေယာဉ်များအပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားဖြစ်ပြီး တပ်မတော်အတွက် ထူးခြားလေးနက်သည့် စွမ်းအားတစ်ရပ်ကို ထပ်မံဖြည့်ဆည်းပေးနိုင်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပမှ နည်းပညာ လွှဲပြောင်းခဲ့ပြီး တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခဲ့သည့် အမြန်သွား ကင်းလှည့်ရေယာဉ် နှစ်စင်း အပါအဝင် တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ် နှစ်စင်းနှင့် ရေသယ်ရေယာဉ် တစ်စင်းတို့ကို အောင်မြင်စွာ တပ်တော်ဝင်နိုင်ခဲ့ကြောင်း။

တပ်မတော်(ရေ)ကို ယခင်ကစစ်ရေယာဉ်(မေယု)ဖြင့် စတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့ကာ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်များမှတစ်ဆင့် ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲပြီး ကိုယ်တိုင်တည်ဆောက်နိုင်သည့် စစ်ရေယာဉ်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လွန်ခဲ့သည့်(၇၅) နှစ်ကစပြီး အဆင့်ဆင့်တည်ဆောက်လာခဲ့သည်မှာ ယခုအခါ ဒုံးပျံတင်ဖရီးဂိတ်စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ပြီး တိုက်ပွဲဝင်နိုင်စွမ်းအဆင့် ရောက်ရှိအောင် မိမိတို့ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲသိင်္ခသူ)ကို ကြည့်ရှုစဉ်။

### တိုက်ပွဲဝင်အသင့် ရေတပ်အဆင့်ရောက်ရှိ

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက် ပိုင်ဆိုင်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် အဆင့်လိုက် မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သည့် သုံးဘက်မြင် စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy)အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ အင်အား ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy)အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ ရေရှည်မျှော်မှန်းချက်အနေဖြင့် မိမိအကျိုးစီးပွားများ ဆက်စပ်တည်ရှိရာ ရေပြာသို့ အင်အားပို့လွှတ်နိုင်သည့် ရေတပ် (Blue Water Navy Ambition) အဖြစ် မျှော်မှန်း တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ရေယာဉ်များ တည်ဆောက်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေတပ်သင်္ဘောကျင်းဌာနချုပ်ကို အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ ရေယာဉ်တည်ဆောက်မှုအတွေ့အကြုံ များပြားလာသည်နှင့်အမျှ အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ကြောင်း၊

*စာမျက်နှာ ၈ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဖရီးဂိတ် စစ်ရေယာဉ် (အောင်ဇေယျ) ဦးဆောင်သော စစ်ရေယာဉ်များက ချီတက်အလေးပြုစဉ်။

*စာမျက်နှာ ၇ မှ*

စွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင် စစ်ရေယာဉ်များ ဖြစ်စေရေးအတွက် စစ်ရေယာဉ် တစ်စင်းချင်းစီ၏ စွမ်းဆောင်နိုင်မှုများ တိုးတက်ကောင်းမွန်လာစေရေး ဆက်လက်ကြိုးပမ်း တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့စစ်ရေယာဉ် တည်ဆောက်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်အားလုံးကို ချီးကျူး မှတ်တမ်းတင် ဂုဏ်ပြုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

တစ်ဖက်တွင်လည်း ဒုတိယအဆင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်(Adjacent Force Projection Navy/ Regional Navy) ဖြစ်ရန် ပင်လယ်ပြင်တွင် ရေရှည်ရပ်တည်နိုင်စွမ်းရှိပြီး တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများရှိမှသာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်ရည်မှန်းချက်ကို ပြည့်မီရန် ဒေသတွင်း အင်အားဖြန့်ကြက် နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးများကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

**အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်**

မိမိတို့နိုင်ငံသည် ပင်လယ်ပြင်အကျယ်အဝန်း စတုရန်းရေမိုင် ၁၄၀၀၀၀ ကျော် ရှိပြီး ကမ်းရိုးတန်း အရှည် ရေမိုင် ၁၃၀၀ ခန့်ရှိသည့်အတွက် ဆိပ်ကမ်းကြီးများနှင့် ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်း (Sea Line of Communication) များကို အပြည့်အဝ အသုံးချပြီး သမုဒ္ဒရာဖြတ်ကျော် ရေကြောင်း ကုန်သွယ်မှုလုပ်ငန်း (Seaborne Trade)များကို ထိထိရောက်ရောက်ဖော်ဆောင်ရန် အခွင့်အလမ်းများ ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တတိယအဆင့် ရေရှည်မျှော်မှန်းချက်ဖြစ်သည့် မိမိတို့၏ အကျိုးစီးပွားများရှိရာ ရေပြာသမုဒ္ဒရာများဆီသို့ အင်အားပို့လွှတ်နိုင်သည့် ရေတပ် (Blue Water Navy Ambition)အဖြစ် အဆင့်လိုက် မျှော်မှန်းတည်ဆောက်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်(ရေ)၏ ရည်မှန်းချက်အဆင့်တိုင်းကို အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုက်စွမ်းရည်မြင့်မားသည့် စစ်ရေယာဉ်ကြီးများ လိုအပ်သကဲ့သို့ ယခုစစ်ရေယာဉ်ကြီးများကို ကိုင်တွယ်မောင်းနှင်နိုင်မည့် တိုက်စွမ်းရည်ပြည့်ဝသော ရေတပ်စစ်သည်တော်များ ဖြစ်စေရေး အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်မည် ဖြစ်ကြောင်း။

တိုက်စွမ်းရည်ပြည့်ဝစေရန်အတွက် တိုက်ပွဲဝင် စစ်ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် စစ်သည်တော်များကိုလည်း အရည်အချင်းပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထိုသို့ လေ့ကျင့်သည့်အခါတွင် တစ်ဦးချင်းအရည်အချင်း တိုးတက်စေရန်အတွက် ပြည်တွင်းသင်တန်းများ၌ ထူးချွန်စွာအောင်မြင်ကြသည့် အရာရှိ၊ စစ်သည်များကို ပြည်ပနိုင်ငံများသို့ စေလွှတ်တက်ရောက်စေလျက်ရှိရာ ရုရှား၊ တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံများအပါအဝင် နိုင်ငံအများအပြားသို့ အရာရှိ၊ စစ်သည်များ စေလွှတ်တက်ရောက်စေခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မှစတင်ပြီး ပြည်တွင်း၌လည်း Mobile Training Team နည်းပြများအား ခေါ်ယူသင်ကြားစေလျက်ရှိရာ အရာရှိ၊ စစ်သည်အများအပြားကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရေတပ်သားများ လေ့ကျင့်ရေးဆိုင်ရာ တိုးတက်မြင့်မားစေရန်အတွက် လေ့ကျင့်ရေး သင်ထောက်ကူ Simulator နှင့် Trainer များ ဖြည့်ဆည်းပေးခြင်း၊ လေ့ကျင့်ရေးအထောက်အကူပြု အဆောက်အဦများ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အဖွဲ့လိုက်စွမ်းရည် တိုးတက်စေရေးအတွက် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်းများ၊ Sea Shield လေ့ကျင့်ခန်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲကင်းလှည့်မှုလေ့ကျင့်ခန်းများ၊ ပြည်ပနိုင်ငံများနှင့် ရေကြောင်းလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ခန်းများကို နှစ်စဉ်ပုံမှန် ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတကာရေတပ်များနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေသကဲ့သို့ တပ်ဖွဲ့အချင်းချင်း အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ အပြန်အလှန်ယုံကြည်မှုရရှိစေနိုင်ခြင်း၊ ပင်လယ်ပြင် တာဝန်ထမ်းဆောင်နိုင်မှု အတွေ့အကြုံ သမုဒ္ဒရာဖြတ်ကျော်မောင်းနှင်ရသည့် အတွေ့အကြုံများ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်နှင့် ပတ်သက်ပြီး အမျိုးသားအရာရှိ စစ်သည်များသာမက အမျိုးသမီးအရာရှိ၊ စစ်သည်များကိုပါ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အမျိုးသမီးအရာရှိ၊ စစ်သည်များကို စစ်ရေယာဉ်များတွင် တာဝန်ပေးအပ်ပြီး ပင်လယ်ပြင်စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးများတွင်ပါ လက်ရှိတာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း။

**○ ဟန်ချက်ညီသည့် ရေတပ်တစ်ခုတည်ဆောက်ရာတွင် သီးသန့်စီးပွားရေးဇုန် ကာကွယ်နိုင်ရေး၊ ကမ်းရိုးတန်းရေပြင်နှင့် မြစ်တွင်းစစ်ဆင်ရေးများကိုပါ ဆင်နွှဲနိုင်ရေးအတွက် ဖရီးဂိတ်စစ်ရေယာဉ်ကြီးများ၊ ကော်ဗက်စစ်ရေယာဉ်များအပါအဝင် အမြန်သွားကင်းလှည့်ရေယာဉ်၊ တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်၊ အုပ်ချုပ်ထောက်ပံ့ရေး ရေယာဉ်များကိုပါ အချိုးအစားမျှတစွာ လိုက်လျောညီထွေရှိအောင် စနစ်တကျ တည်ဆောက်ပေးလျက်ရှိ**

**တပ်မတော်(ရေ)အင်ဂျင်နီယာများ တည်ဆောက်**

ယနေ့တပ်တော်ဝင်ခဲ့သည့် Super Dvora အမြန်သွား ကင်းလှည့်ရေယာဉ်များကို ပြည်ပမှနည်းပညာလွှဲပြောင်းရယူခဲ့ပြီး တပ်မတော်(ရေ) အင်ဂျင်နီယာပညာရှင်များကိုယ်တိုင် နည်းပညာမြင့် တည်ဆောက်နိုင်ခဲ့သည့် ရေယာဉ်များဖြစ်ပြီး ရေမိုင် ၄၀ ကျော် မြန်နှုန်းမြင့် ခုတ်မောင်းနိုင်ကာ ရန်သူ့ရေတပ်ဖွဲ့ကို Swarming Tactics နှင့် ကြားဖြတ်တိုက်ခိုက်ရေး တာဝန်များကိုပါ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် ကမ်းရိုးတန်းရေပြင်တွင် မည်သည့် ကျူးကျော်မှုမျိုးကိုမဆို ကျွန်းကြိုကျွန်းကြားမှ စစ်နည်းဗျူဟာမြောက် မြန်နှုန်းမြင့် မောင်းနှင်ပြီး တားဆီးချေမှုန်း တိုက်ခိုက်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ **Super Dvora တည်ဆောက်ခဲ့သည့် အတွေ့အကြုံများစွာရှိပြီးဖြစ်သဖြင့် ယခုထက် အရွယ်ပမာဏ ပိုမိုကြီးမားပြီး စွမ်းဆောင်ရည်မြင့်သည့် သင်္ဘောမျိုး တည်ဆောက်နိုင်ရန်အတွက် ကြိုးပမ်းသွားရန်လို** ကြောင်း။

မျက်မှောက်ခေတ် ကြုံတွေ့နေရသည့် စစ်ဆင်ရေး သဘောသဘာဝအရ တပ်မတော်(ရေ)အနေဖြင့် သမားရိုးကျစစ်ဆင်ရေးများအတွက် ပင်လယ်ပြင် တိုက်ပွဲဝင်နိုင်ရေး (Open Sea Battle) ကို ပြင်ဆင်နေရသကဲ့သို့ လက်ရှိလုံခြုံရေးအခြေအနေများအရ

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၈ မှ*

မြစ်တွင်းစစ်ဆင်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လာရကြောင်း၊ ယခုတပ်တော်ဝင်သည့် ၂၃ မီတာ တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်များကို မြန်မာ့ရေမြေ လိုအပ်ချက်အတိုင်း ဆန်းသစ်တီထွင်ကာ ပိုမိုတောင့်တင်းခိုင်မာသည့် Armor Plate များနှင့် တည်ဆောက်ထားခြင်းဖြစ်ပြီး မြစ်တွင်းစစ်ဆင်ရေး၊ လုံခြုံရေးနှင့် တပ်ဖွဲ့တင် တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခုစစ်ရေယာဉ်များပေါ်တွင် ခြေလျင်တပ်ဖွဲ့များတင်ဆောင်ပြီး ရေကြောင်းပစ်ကူပေးနိုင်ရန်နှင့် ကမ်းထိုးကမ်းတက် စစ်ဆင်ရေးများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် စစ်ရေယာဉ်(မုတ္တမ) ပေါ်သို့ တင်ဆောင်ကာ ဘက်စုံသုံးတပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်တာဝန်များကိုပါ ထမ်းဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီ၊ ချင်းတွင်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရှည်လျားလှသည့် မြစ်ကြီးများအတွင်း ရေကြောင်းလုံခြုံရေးများ၊ စစ်ဆင်ရေးများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရေတိမ်မြစ်တွင်းသွား စစ်ရေယာဉ်များကိုလည်း တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

**သီးသန့်စီးပွားရေးဇုန်ကာကွယ်နိုင်ရေး**

ဟန်ချက်ညီသည့် ရေတပ်တစ်ခုတည်ဆောက်ရာတွင် သီးသန့်စီးပွားရေးဇုန် ကာကွယ်နိုင်ရေး၊ ကမ်းရိုးတန်းရေပြင်နှင့် မြစ်တွင်းစစ်ဆင်ရေးများကိုပါ ဆင်နွှဲနိုင်ရေးအတွက် ဖရီးဂိတ်စစ်ရေယာဉ်ကြီးများ၊ ကော်ဗက်စစ်ရေယာဉ်များအပါအဝင် အမြန်သွားကင်းလှည့်ရေယာဉ်၊ တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်၊ အုပ်ချုပ်ထောက်ပံ့ရေး ရေယာဉ်များကိုပါ အချိုးအစားမျှတစွာ လိုက်လျောညီထွေရှိအောင် စနစ်တကျ တည်ဆောက်ပေးလျက်ရှိကြောင်း။

ပင်လယ်ပြင်သည် နိုင်ငံတော်၏ အနာဂတ်အကျိုးစီးပွားကို ပံ့ဖော်နေသည့်အတွက် ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်ရေး၌ တပ်မတော်(ရေ)၏ အဓိက တာဝန်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် မြန်မာ့ပင်လယ်ပြင် ရေကြောင်းလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)သည် ယခုအခါ (၇၅)နှစ်မြောက် စိန်ရတုသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် တပ်မတော်(ရေ)၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)၏ ပွဲ့ကိုင်ရှင်များ၊ လက်တွဲဆောင်ရွက်ခဲ့ကြသည့် စစ်သည်တော်များ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှု အစဉ်အလာကောင်းများကြောင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသည့် စွမ်းအားနှင့် စွမ်းရည်ပြည့်ဝသော ရေတပ်တစ်ခုအဖြစ်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း။

ယနေ့အခါသမယတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့်အရာရှိ၊ စစ်သည်များအနေဖြင့် ရှိရင်းစွဲ သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)၌ ပါဝင်ထမ်းဆောင်ခွင့် ရရှိသူများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) ရေတပ်ဆိပ်ခံတံတားမှ ဧရာဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ် (ရတနာပုံ) ဖြင့် ထွက်ခွာကြသည်။

ထိုသို့သွားရောက်စဉ် စစ်ရေယာဉ်ပေါ်၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၅)နှစ်မြောက် တပ်မတော်(ရေ) စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုကိတ်လှီးခြင်းအား ဆောင်ရွက်ကြသည်။ *စာမျက်နှာ ၁၀ သို့*

❒ **Super Dvora တည်ဆောက်ခဲ့သည့် အတွေ့အကြုံများစွာရှိပြီး ဖြစ်သဖြင့် ယခုထက် အရွယ်ပမာဏ ပိုမိုကြီးမားပြီး စွမ်းဆောင်ရည်မြင့်သည့် သင်္ဘောမျိုး တည်ဆောက်နိုင်ရန်အတွက် ကြိုးပမ်းသွားရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ (၇၅)နှစ်မြောက် တပ်မတော်(ရေ) စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

◆ **ပင်လယ်ပြင်သည် နိုင်ငံတော်၏ အနာဂတ်အကျိုးစီးပွားကို ပံ့ဖော်နေသည့်အတွက် ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်ရေး၌ တပ်မတော်(ရေ)၏ အဓိကတာဝန်ဖြစ်၊ ခေတ်အဆက်ဆက် မြန်မာ့ပင်လယ်ပြင် ရေကြောင်းလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)သည် ယခုအခါ (၇၅)နှစ်မြောက် စိန်ရတုသို့ ရောက်ရှိခဲ့ပြီ**

❖ **သမိုင်းကြောင်းတစ်လျှောက် တပ်မတော်(ရေ)၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)၏ ပွဲ့ကိုင်ရှင်များ၊ လက်တွဲဆောင်ရွက်ခဲ့ကြသည့် စစ်သည်တော်များ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှု အစဉ်အလာကောင်းများကြောင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသည့် စွမ်းအားနှင့် စွမ်းရည်ပြည့်ဝသော ရေတပ်တစ်ခုအဖြစ်သို့ တက်လှမ်းနေပြီဖြစ်**



တပ်တော်ဝင်စစ်ရေယာဉ်များ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေတပ်စခန်းဌာနချုပ်အလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (ရေ)စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၉ မှ*

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (ရေ)များ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (လေ) များနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်တို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က (၇၅) နှစ်မြောက် တပ်မတော်(ရေ) စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်များအား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ (၇၅)နှစ်မြောက် တပ်မတော်(ရေ) စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ်အလိုက် ခင်းကျင်းပြသထားသည့်ပြခန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာ အရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်ထုတ် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ တပ်မတော် (ရေ)စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုများနှင့် ပဒေသာကပွဲများ၊ တိုင်းရင်းသားရိုးရာတေးသီချင်းအကအလှတို့ဖြင့် ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုတပ်မတော် (ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပပြုလုပ်





**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်နှင့်ဇနီး ဒေါ်အေးခိုင်ညွန့်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့်ဇနီးများ၊သန်လျင်တပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စစ်ရေးပြတပ်ခွဲများအား စစ်ဆေး**

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ)က (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ**(အပေါ်ပုံ)** စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အရာရှိကြီးများသည် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ၎င်းတို့၏ဇနီးများနှင့်အတူ ရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ သမိုင်းဝင်စစ်ရေယာဉ် (မေယု)ရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ထို့အတူ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရှုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားအား သန်လျင်တပ်နယ် မဟာနာဝါနီကဇယမင်္ဂလာဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ပထမကျော်၊ သ-စ-အ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာ စန္ဒိမာဘိဝံသ (သန်လျင်မြို့)မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် သန်လျင်မြို့ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက၊ ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒစရိယဆရာတော် ဘဒ္ဒန္တတေဇ အမှူးပြုသောသံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး ဒေါ်အေးခိုင်ညွန့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ရေတပ်စခန်း ဌာနချုပ်မှူးများနှင့်ဇနီးများ၊ သန်လျင်တပ်နယ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သန်လျင်မြို့ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက၊ ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၏ သြဝါဒစရိယဆရာတော် ဘဒ္ဒန္တတေဇထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များအား နာယူကြသည်။ ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ပထမကျော်၊ သ-စ-အ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာ စန္ဒိမာဘိဝံသ(သန်လျင်မြို့)မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သီလဝါဆိပ်ကမ်းရှိ ဆိပ်ကမ်းလုပ်ငန်းများ၊ ဆန်၊ ဂျုံ၊ ဆီနှင့် ဆန်စက်လုပ်ငန်းများလည်ပတ်ရန် စပါးခွံလောင်စာဖြင့် လျှပ်စစ်ထုတ်လုပ်မှုကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူတို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရှိ Wilmar Myanmar ကုမ္ပဏီသို့ရောက်ရှိပြီး စပါးခွံလောင်စာဖြင့် လျှပ်စစ်ထုတ်လုပ်မှုမှ ဆိပ်ကမ်းလုပ်ငန်းများ၊ ဆန်စက်လုပ်ငန်း၊ စားသုံးဆီလုပ်ငန်းနှင့် ဂျုံလုပ်ငန်းများ လုပ်ကိုင်လည်ပတ်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။**(ယာပုံ)**

ရှေးဦးစွာ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကို ကုမ္ပဏီ၏ General Manager Mr.Chen Pan က စပါးခွံလောင်စာဖြင့် လုပ်ငန်းလည်ပတ်မှုကိုလည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ကျေးက နိုင်ငံအတွင်းရှိ ကုမ္ပဏီ၏ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ကုမ္ပဏီဝင်းအတွင်းရှိ ဆိပ်ကမ်းလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဂျုံလုပ်ငန်းနှင့် စားသုံးဆီလုပ်ငန်းများ လည်ပတ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။



Wilmar Myanmar ကုမ္ပဏီအနေဖြင့် သီလဝါဆိပ်ကမ်းတွင် ခေတ်မီဘက်စုံသုံး နိုင်ငံတကာဆိပ်ခံတံတားနှင့် မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို BOT စာချုပ်ဖြင့် ဆောင်ရွက်ခြင်း၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများ၊ ဂျုံနှင့်ဘေးထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စားသုံးဆီနှင့် ဆက်စပ်ထုတ်ကုန်လုပ်ငန်းများနှင့် ဆန်နှင့်ဆန် ဆက်စပ်ထုတ်ကုန်များကို ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းများအတွက် စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

**သတင်းစဉ်**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးသည် လွန်စွာအရေးကြီးသဖြင့် တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်

**ပဲခူး ဒီဇင်ဘာ ၂၄**



တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မထားဘဲ အရောင်အသွေးကင်းပြီး မိမိတို့လူမျိုး အစွန့်ရှည်တည်တံ့စေရန် အကျိုးဆောင်ပေးရသည့် အဖွဲ့ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် “ပန်းခင်းစီမံချက်” နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားပြုလုပ်ခြင်းလုပ်ငန်းသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လွန်စွာအရေးကြီးသဖြင့် တိုင်းရင်းသားများအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များ ဖြစ်ကြသည့်အတွက် ပညာရေးကို ဦးစားပေးကြရမည် ဖြစ်ပါကြောင်း၊ ပညာရည်မြင့်မားမှ လူမှုဘဝတိုးတက် မြင့်မားမည်ဖြစ်ပါကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားသည်။

ယနေ့နံနက် ၁၁ နာရီတွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားအရေး ကိစ္စရပ်များကို ဆောင်ရွက်ရသည့်ဌာနဖြစ်သည့်အတွက် လုပ်ငန်းများ လျင်မြန်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးများကို တာဝန်ခွဲဝေ အပ်နှင်းထားပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တိုင်းရင်းသားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရန်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး မိမိတို့ ဝန်ကြီးဌာနက မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာသင်(Teaching Assitant– TA နှင့် Language Teacher – LT) များ ပိုမိုခန့်ထားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် တိုင်းပြည်ငြိမ်းချမ်းရေး ရရှိအောင်ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့် တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသည် လွန်စွာအရေးကြီးသဖြင့် တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။**(ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ပအိုဝ်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို တိုင်းရင်းသား အရေးကိစ္စရပ်များ ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စားသုံးဆီဖူလုံရေး ဆောင်းသီးနှံနေကြာစိုက်ပျိုး ကွင်းသရုပ်ပြပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့၌ ပြည်သူများ စားသုံးဆီဖူလုံရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ဆီကောင်းဆီသန့်များ သုံးစွဲနိုင်ရေးအတွက် ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဘားအံမြို့ ကော့သံခါးကျေးရွာရှိ တောင်သူ ဦးအဒီး၊ ဦးခင်မောင်၊ ဦးဖာချိတ်တို့၏ လယ်မြေ ၁၈ ဧကပေါ်တွင် ရေဆင်း(၁) စပ်မျိုးနေကြာစုပေါင်း စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။**(ဝဲပုံ)**



ကွင်းသရုပ်ပြ စိုက်ပျိုးပွဲအပြီးတွင် ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က နေကြာ စိုက်ပျိုးခြင်းအားဖြင့် ဆီစားသုံးမှု ဖူလုံလာမည့်အပြင် ဈေးကွက် စီးပွားရေးတွင်လည်း ဝင်ဆံ့နိုင်သည့်အတွက် စိုက်ပျိုးသင့်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီစားသုံးမှုဖြင့် တောင်သူများအနေဖြင့် ကျန်းမာရေးကောင်းမွန်၍ လယ်ယာလုပ်ငန်းများကိုလည်း အောင်မြင်အောင် လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် နေကြာသီးနှံကို သီးထပ်သီးညှပ်စနစ်ဖြင့် ပိုမိုစိုက်ပျိုးသင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသက်ဆွေက နေကြာစိုက်ပျိုးသည့် နည်းစနစ်များအကြောင်း ရှင်းလင်း ပြောကြားခဲ့ပြီးနောက် ဒေသခံတောင်သူများက ကျေးရွာ၏ လိုအပ်ချက်များဖြစ်သော လမ်း၊ တံတား၊ စာသင်ကျောင်း လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လာမည့်ဘတ်ဂျက်တွင် ထည့်သွင်းနိုင်ရေးအတွက် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ် ဘားအံခရိုင်အနေဖြင့် ပြည်သူများ စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံကို တစ်ခရိုင်လုံး အတိုင်းအတာဖြင့် စိုက်ဧက ၂၀၉၀ လျာထားခဲ့ပြီး သီးသန့်စိုက်ဧက ၂၇၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဘီ**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၄

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာန တို့မှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ကြသည်။**



စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းအင်အား ၁၅၀၀ နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား ၁၀၀ စုစုပေါင်း ဝန်ထမ်းအင်အား ၁၆၀၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်း သာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အဦပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ရှင်းလင်းခြင်း၊ အဆောက်အဦဘေး ထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများအား အမြင်တင့်တယ်စေရေး၊ လေဝင်/လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွန်း၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးနှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ(**အပေါ်ပုံ**) စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ရေသန့်၊ ကော်ဖီနှင့် ဆီချက်ခေါက်ဆွဲတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့မှုကြောင့် ဆေးရုံကြီး အတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်/လေထွက်ကောင်းမှုရရှိခဲ့ပြီး သန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့မှုအပေါ် ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ထမ်းများက ဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်ရှိလျက်ရှိကြောင်း၊ ဆေးရုံတက်ရောက်လျက်ရှိသော လူနာများမှာ ကျန်းမာရေးဝန်ထမ်းများ၏ အနီးကပ်ပြုစုစောင့်ရှောက်မှုဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လေဆိပ်ဝန်ထမ်းများသည် ပြည်တွင်း၊ ပြည်ပသို့ တရားမဝင် ဝင်၊ ထွက် သွားလာမှုများကို တားဆီးကာကွယ်ရမည့် နိုင်ငံ၏တံခါးမှူးများဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (**ယာပုံ**)



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်းအတွင်းရှိ Yangon Aerodrome Company Ltd(YACL) အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနခွဲမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းအင်အား၊ နိုင်ငံတကာလေကြောင်းလိုင်းများ ဝင်ရောက်ထွက်ခွာမှုနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်ထွက်ခွာမှုအခြေအနေ၊ ပြည်ပခရီးသွားများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှုနှင့် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနမှ လေဆိပ်ဝန်ထမ်းများသည် နိုင်ငံသားများနှင့် နိုင်ငံခြားသားများ ပြည်တွင်း၊ ပြည်ပသို့ တရားဝင် ဝင်၊ ထွက်သွားလာမှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ရသကဲ့သို့ တရားမဝင် ဝင်ထွက်သွားလာမှုများကို တားဆီးကာကွယ်ရမည့် နိုင်ငံ၏ တံခါးမှူးများဖြစ်ကြောင်း၊ ယခုအခါ မိမိနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု သိသိသာသာကျဆင်းလာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ထွက်သွားလာမှု များပြားလာသည့်အပြင် နိုင်ငံတကာလေကြောင်းလိုင်းများလည်း တိုးချဲ့ပျံသန်းနေပြီဖြစ်သည့်အတွက် ခရီးသည်များ ဝင်၊ ထွက်သွားလာရာတွင် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြားသော ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ကာ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အထူးဂရုပြု ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းတိုင်း ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံ၍ နိုင်ငံတော်အပေါ်၊ ဝန်ကြီးဌာနအပေါ် သစ္စာစောင့်သိကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခရီးသွားပြည်သူများအပေါ် ဆက်ဆံရေးပြေပြစ်ကောင်းမွန်စွာဖြင့် ဝန်ဆောင်မှုပေးရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး လေဆိပ်ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Terminal-1 ရှိ ပြည်ပထွက်ခွာနေရာ၌ ပြည်ပနိုင်ငံအသီးသီးသို့ ထွက်ခွာကြမည့် ခရီးသည်များကို လူဝင်မှုကြီးကြပ်ရေးကောင်တာများ၌ ဝန်ထမ်းများက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှုအခြေအနေ၊ ဌာန၏ Server ခန်းအတွင်း အချက်အလက်များ ထိန်းသိမ်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ပဆိုက်ရောက်နေရာ၌ နိုင်ငံတကာလေကြောင်းလိုင်းအသီးသီးဖြင့် ဝင်ရောက်လာကြသည့် ခရီးသွားများအား လူဝင်မှုကြီးကြပ်ရေး ကောင်တာများ၌ ဝန်ထမ်းများက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှု၊ ဆိုက်ရောက်ဗီဇာ (Visa On Arrival) ကောင်တာအခြေအနေနှင့် ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

တိုင်းဒေသကြီးနှင့်ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) ဂေါက်သီးရိုက် (အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပြီးနောက် ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၅ သင်းမှ အားကစားသမား ၁၀၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တစ်ဦးချင်း(အကျောပေး) ပြိုင်ပွဲ၊ တစ်ဦးချင်း(အကျောမဲ့)ပြိုင်ပွဲ၊ အသင်းလိုက် (အကျောပေး) ပြိုင်ပွဲ၊ အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲများ ကျင်းပသည်။ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) ဂေါက်သီးရိုက်(အမျိုးသား)ပြိုင်ပွဲကို ဒီဇင်ဘာ၂၄ ရက်မှ ၂၆ ရက်အထိ နေ့စဉ်နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အားကာမောင်**

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဝန်ထမ်းများ တွေ့ဆုံပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၄**

ပြည်သူကို ဥပဒေဝန်ဆောင်မှုပေးနိုင်ရေးနှင့် ဥပဒေနှင့်အညီ မှန်ကန်စွာ အလုပ်အကျွေးပြုနိုင်ရေးအတွက် ခရိုင်အသစ်များဖွဲ့စည်းပြီး လုပ်ငန်းများ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ရန် ခရိုင်ရုံးအဆောက်အအုံများ အဆင်ပြေစေရေးကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်ဥပဒေရုံးသို့လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးခရိုင်ဥပဒေရုံးရှိ ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၏ လက်ရှိနှင့်မျှော်မှန်းလုပ်ဆောင်ချက်များ၊ ဥပဒေနှင့်အညီ ဥပဒေအကြံဉာဏ်များပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ လာဘ်ပေးလာဘ်ယူကိစ္စများကင်းရှင်းရေး၊ ရုံးစာများ၊ Zoom အစည်းအဝေးများ လုံခြုံစွာဆောင်ရွက်ရေး၊ Online ဆိုင်ရာကိစ္စများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ရှမ်းပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ရှမ်းပြည်နယ် ဥပဒေအရာရှိ ဦးအေးလွင်၊ ကလောခရိုင်နှင့် တောင်ကြီးခရိုင်အတွင်းရှိ ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးလင်း(တောင်ကြီး)**



# စစ်တွေမြို့၌ ရွေးကောက်ပွဲဆိုင်ရာ PR စနစ်အကြောင်းနှင့် မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ရခိုင်ပြည်နယ် အခြေခံလူဦးရေစာရင်းထပ်နေသူများအား CROSS CHECK ပြုလုပ်ခြင်းအကြောင်း ရှင်းလင်းပွဲကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၂၄**



ရွေးကောက်ပွဲဆိုင်ရာ PR စနစ်အကြောင်းနှင့် မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း အခြေခံလူဦးရေစာရင်း ထပ်နေသူများအား CROSS CHECK ပြုလုပ်ခြင်းအကြောင်းရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဖ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းများ၊ ရပ်/ကျေး စာရေးများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဖ်က ရွေးကောက်ပွဲကျင်းပရေးတာဝန်၊ ရွေးကောက်ပွဲကျင်းပရာတွင် ကျင့်သုံးမည့်စနစ်များ၊ ရခိုင်ပြည်နယ်တွင် PR စနစ်ပြောင်းလဲကျင့်သုံးပါက သိမှတ်ဖွယ်ရာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေပါ မဲစာရင်းပြုစုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အခြေခံလူဦးရေစာရင်းများပြုစုခြင်း၊ စိစစ်သည့်လူဦးရေ၊ စိစစ်တွေ့ရှိရသည့် အကြိမ်ထပ်ဦးရေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား နှစ်ကြိမ်နှင့်အထက် ထပ်နေမှုများ တွေ့ရှိမှုတို့ကို အသေးစိတ်ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးနှင့်အတူ ခန်းမအတွင်း၌ ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက လူဦးရေစာရင်းများကို ကွန်ပျူတာဆော့ဝဲလ်အသုံးပြု၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ထပ်နေသူများ၊ နိုင်ကတ်မရှိသူ/မပြည့်စုံသူများ၊ အသက် ၁၈ နှစ်နှင့်အထက်အောက်ရှိသူများ၊ မွေးသက္ကရာဇ် မပြည့်စုံသူများ၊ မွေးရက်၊ မွေးလထပ်နေသူများ စသည်တို့ကို CROSS CHECK စစ်ဆေးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊



ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့အပါအဝင် မြို့နယ်ငါးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် ၁၃ မြို့နယ်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၃ လမ်းနှင့် ၁၄ လမ်းကြား၊ လမ်း ၆၀ ထောင့်၊ သာသနာ့တက္ကသိုလ် အရှေ့ဘက်ခြမ်းတို့တွင် အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ကျပ် ၁၀၀ ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဖရိကဦးချိုဒေသ၌ မိုးခေါင်ခြင်းက ကလေးများကို ပိုမိုဒုက္ခရောက်စေသည်ဟု ကုလသမဂ္ဂပြော

ဂျီနီဗာ ဒီဇင်ဘာ ၂၄

**အီသီယိုးပီးယား၊ ကင်ညာနှင့် ဆိုမာလီယာနိုင်ငံတို့၌ ဆိုးရွားပြင်းထန်သည့် မိုးခေါင်မှုကို ခံစားရသည့် ကလေးအရေအတွက်မှာ ပြီးခဲ့သည့်ငါးလတာအတွင်း နှစ်ဆဖြစ်လာခဲ့သည်ဟု ကုလသမဂ္ဂက ဒီဇင်ဘာ ၂၃ ရက် ထုတ်ပြန်ထားသည်။**

အဆိုပါနိုင်ငံများမှ ကလေးပေါင်း ၂၀ ဒသမ ၂ သန်းဝန်းကျင်သည် ယခုအခါ ပြင်းထန်သည့် ငတ်မွတ်ခေါင်းပါးမှု၊ ရေငတ်ခြင်း၊ အခြားသော ရောဂါများနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ပြောသည်။

ယင်းအရေအတွက်သည် ဇူလိုင်လကနှင့် နှိုင်းယှဉ်လျှင် ၁၀ သန်းခန့် များပြားလာခြင်း ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း၊ ပဋိပက္ခနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှုနှင့် ဂျုံစပါး ဆိုးရွားစွာပြတ်လပ်ခြင်းတို့က အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ အီသီယိုးပီးယား၊ ကင်ညာနှင့် ဆိုမာလီယာတို့တွင် ကလေးပေါင်း နှစ်သန်းနီးပါးမှာ ပြင်းထန်သော အာဟာရချို့တဲ့မှုနှင့် ကြောက်မက်ဖွယ် ဆာလောင်မှုတို့အတွက် ချက်ချင်းကုသမှုလိုအပ်ကြောင်း ယူနီဆက်ဖ်က ပြောသည်။

မိုးခေါင်မှုကြောင့် ကလေးပေါင်း ခန့်မှန်းခြေအားဖြင့် ၂ ဒသမ ၇သန်းခန့်မှာ ကျောင်းထွက်ခဲ့ရပြီး အခြားသောအခြေအနေများအောက်တွင် ကလေးလေးသန်းမှာလည်း ကျောင်းထွက်ရမည့်အခြေအနေများအောက်တွင် ရောက်ရှိနေသည်။ မိသားစုများမှာဖိအားများတိုးလာသည့်အတွက် ကလေးများသည် ကလေးလုပ်သားများအဖြစ် သိမ်းသွင်းခံရခြင်းနှင့် ကလေးအရွယ်တွင်ပင် လက်ထပ်ပေးခံရမှုများနှင့် ရင်ဆိုင်လာရသည်ဟု ယူနီဆက်ဖ်က ပြောသည်။

အာဖရိကဦးချိုဒေသရှိ ကလေးများအတွက် နောက်ထပ်ဆိုးရွားသော အခြေအနေများ ဖြစ်ပေါ်မလာစေရန် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းအားထုတ်ကြရန် လိုအပ်သည်ဟုလည်း ယူနီဆက်ဖ်မှ ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး လီကီဗန် ဒီဝီရယ်က ပြောသည်။

ဆင်ဟွာ



ဆိုမာလီယာရှိ ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများစခန်းမှ မိခင်နှင့် ကလေးများကို တွေ့ရစဉ်။

# တောင်အာဖရိက၌ ဓာတ်ငွေ့ထရပ်ကား ပေါက်ကွဲမှုဖြစ်ပွား၊ ၁၀ ဦးသေဆုံး

**ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၂၄**

တောင်အာဖရိက၏ အကြီးဆုံးမြို့တော် ဂျိုဟန်နစ္စဘတ်ရှိ ဘော့စ်ဘာ့ဂ်၌ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဓာတ်ငွေ့ပေါက်ကွဲမှု တစ်ခုဖြစ်ပွားရာ ၁၀ ဦးထက် မနည်း သေဆုံးပြီး အခြား ၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ဓာတ်ငွေ့ တင်ဆောင်လာသော ထရပ်ကားတစ်စီးသည် နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဘော့စ်ဘာ့ဂ်ရှိ တံတားတစ်စင်းအောက်၌ ဖြတ်ကျော်မောင်းနှင်ရာမှ ပွတ်တိုက်မှုဖြစ်ပွားကာ မီးစွဲလောင်ခြင်းဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေး ဝန်ဆောင်မှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဝီလီယမ် အင်တလာဒီက ပြောသည်။

ထို့နောက် မီးသတ်သမားများက မီးငြိမ်းသတ်ရန် ကြိုးစားရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး မီးသတ်သမား ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အင်တလာဒီက ပြောသည်။ ထို့အပြင် သယ်ဆောင်လာသော ဓာတ်ငွေ့အမျိုးအစားနှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။

ဆင်ဟွာ



# ဒီဇင်ဘာလ ပထမရက် ၂၀ အတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၅၀၀၀၀ ကျော် သီရိလင်္ကာနိုင်ငံသို့ စံချိန်တင်ဝင်ရောက်

**ကိုလံဘို ဒီဇင်ဘာ ၂၄**

သီရိလင်္ကာနိုင်ငံသို့ ဒီဇင်ဘာလ ပထမရက် ၂၀ အတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၅၀၀၀၀ ကျော် စံချိန်တင်ဝင်ရောက်လည်ပတ်ခဲ့ပြီး လွန်ခဲ့သည့်လများနှင့် နှိုင်းယှဉ်ကြည့်ပါက အဆိုပါပမာဏမှာ သိသိသာသာမြင့်တက်လာကြောင်း ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က နောက်ဆုံးထုတ်ပြန်သော အချက်အလက်အရ သိရသည်။

ဒီဇင်ဘာလအတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှု နေ့စဉ်ပျမ်းမျှအရေအတွက်မှာ ၂၅၀၀ ကျော်ရှိပြီး ယခုနှစ် ပထမ ၁၁ လအတွင်း ပျမ်းမျှအရေအတွက်မှာ ၁၉၀၀ ဝန်းကျင်ခန့်ရှိကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင်အဖွဲ့ (အက်စ်အယ်တီဒီအေ) ၏ ထုတ်ပြန်သော အချက်အလက်အရ သိရသည်။ ထို့အပြင် ယခုနှစ်အတွက် ဒီဇင်ဘာ ၂၀ ရက်အထိ သီရိလင်္ကာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် စုစုပေါင်း ဝင်ရောက်မှုမှာ ၆၇၈၃၉၂ ဦးရှိကြောင်း အက်စ်အယ်တီဒီအေ ထုတ်ပြန်ချက်အရ သိရသည်။

သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားငွေအများဆုံးရှာဖွေပေးနိုင်သည့် ကဏ္ဍများထဲမှတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရာမှ စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်း ကြီးကြီးမားမားဖြစ်ပေါ်စေသည်အထိ ဆိုးဆိုးရွားရွား ဖြစ်ပွားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် ၁ ဒသမ ၅ သန်းဝန်းကျင်ခန့်နှင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် သုံးသန်းအထိ လာရောက်လည်ပတ်ရန် ရည်မှန်းထားကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဖာနန်ဒိုက ယခုလအစောပိုင်းတွင် ပြောကြားသည်။

ဆင်ဟွာ



# အမေရိကန်၌ ယခုနှစ်တုပ်ကွေးရာသီတွင် တုပ်ကွေးကြောင့် သေဆုံးသူ ၁၂၀၀၀ ကျော်ရှိ

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၄**

အမေရိကန် ပြည်ထောင်စုတွင် ယခုနှစ် တုပ်ကွေးရာသီအတွင်း တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၂၀၀၀ ရှိပြီး ဆေးရုံတက်ရသူ ၁၉၀၀၀၀ ရှိသည်။ တုပ်ကွေးကြောင့် ဖျားနာသူ ၁၈ သန်းရှိသည်ဟု ဒီဇင်ဘာ ၂၃ ရက်တွင် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ ) က ထုတ်ပြန်ခဲ့သည်။

ရာသီတုပ်ကွေးဖြစ်ပွားမှုများမှာ အချို့သောနေရာများတွင် ရှိနေဆဲဖြစ်သော်လည်း နေရာအများစုတွင် ကျဆင်းလာပြီဖြစ်သည်ဟု စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တုပ်ကွေးကြောင့် ဆေးရုံတက်ရသူ ၂၀၇၀၀ ရှိကြောင်း စီဒီစီ၏ အချက်အလက်များအရ သိရသည်။

ယခု သီတင်းပတ်အတွင်း တုပ်ကွေးရောဂါနှင့် ဆက်စပ်ပြီး သေဆုံးသူ ကလေး ၁၇ ဦးတိုးလာသည့်အတွက် ယခုနှစ်တုပ်ကွေးရာသီအတွင်း တုပ်ကွေးကြောင့် သေဆုံးသူကလေးဦးရေမှာ ၄၇ ဦး အထိ ရှိလာပြီဖြစ်သည်။

ရောဂါကြိုတင်ကာကွယ်ရန်နှင့် ပြင်းထန်သည့် ဝေဒနာများ မခံစားရစေရေးတို့အတွက် ပြည်သူများ နှစ်စဉ် ကာကွယ်ဆေးထိုးကြရန် စီဒီစီက တိုက်တွန်းထားသည်။

ဆင်ဟွာ

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အသစ် ၁၀၁၇ ဦး တွေ့ရှိ

**စင်ကာပူ ဒီဇင်ဘာ ၂၄**

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အသစ် ၁၀၁၇ ဦး တွေ့ရှိကြောင်း သိရသည်။ ထို့အပြင် စင်ကာပူနိုင်ငံ၌ လက်ရှိဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ ၈၉ ဦးရှိပြီး လေးဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်သော အချက်အလက်များအရ သိရသည်။ ဒီဇင်ဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဟော့ကိုင်းဒိုးဒေသမှ ကျူးရှူးကျွန်းဒေသအထိ နှင်းများ ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းထား

**တိုကျို ဒီဇင်ဘာ ၂၄**

ဟော့ကိုင်းဒိုး တောင်တန်းဒေသများမှ ကျူးရှူးကျွန်းအထိ ဒီဇင်ဘာ ၂၅ ရက်တွင် နှင်းများ ဆက်လက် ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း ဂျပန်မိုးလေဝသ တာဝန်ရှိသူက ပြောကြားသည်။

ပြင်းထန်သည့်ဆောင်းရာသီလေထုဖိအားသည် ဂျပန်နိုင်ငံတစ်ဝန်း အေးသည့်လေထုကို ဖြစ်ပေါ်ခဲ့ပြီး ဟော့ကိုင်းဒိုးကျွန်းတွင် ချူဂိုကူဒေသအထိ နှင်းထူထပ်စွာ ကျဆင်းလျက်ရှိကြောင်း မိုးလေဝသ အေဂျင်စီက ပြောကြားသည်။

နှင်းများသည် အဓိကအားဖြင့် တောင်တန်းဒေသများတွင် ကျဆင်းခဲ့သည်။ သို့သော်လည်း နိုင်ငံ၏ပစိဖိတ်ဒေသအနီးရှိ မြေပြန့်ဒေသအချို့



တွင်လည်း ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် နှင်းများ စုပုံလာသည်ကိုတွေ့မြင်ခဲ့ရပြီး ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုယာမြို့တွင် နှင်းထုမှာ ၁၀ စင်တီမီတာအထိ ကျဆင်းကြောင်း သိရသည်။

ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီအထိ ဟော့ကိုင်းဒိုးကျွန်း အန်ဂါရူမြို့ ရှိရာတာကီတွင် ၁ ဒသမ ၂၈ မီတာ၊ ယာမာဂါတာခရိုင် အိုဂူနီမြို့တွင် ၁ ဒသမ ၂၃ မီတာနှင့် နိုဂါတာခရိုင် ရူအိုနူမာမြို့ ဆူမွန်တွင် ၁ ဒသမ ၀၇ မီတာအထိ နှင်းများ ကျဆင်းလျက်ရှိသည်။

ဒီဇင်ဘာ ၂၅ ရက်အထိ ဂျပန်နိုင်ငံ ဒေသအချို့တွင် လေပြင်းများ တိုက်ခတ်မည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



## တောင်အာဖရိကတွင် ဝက်သက်ရောဂါကူးစက်ဖြစ်ပွားသူ ၂၂၇ ဦးအထိ တိုးလာ

**ဂျိုဟန်နစ္စဘက် ဒီဇင်ဘာ ၂၄**

တောင်အာဖရိက နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာ ၁၇ ရက်အထိ ဝက်သက်ရောဂါကူးစက်ဖြစ်ပွားသူ ၂၂၇ ဦးအထိတိုးလာကြောင်း ကူးစက်နိုင်သော ရောဂါများဆိုင်ရာ အမျိုးသားအင်စတီကျု (အင်န်အိုင်စီဒီ) က ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဝက်သက်ရောဂါကို လင်ပိုပို၊ အမ်ပိုမာလန်ဂါ၊ နော့ဝက်စ်၊ ဂါယူတန်နှင့် ဖရီးစတိတ်ခရိုင်တို့တွင် အတည်ပြုတွေ့ရှိကြောင်း အင်န်အိုင်စီဒီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သက်ဆိုင်ရာပြည်နယ်များရှိ ကျန်းမာရေးဌာနများသည် ဝက်သက်ရောဂါကို တိုက်ဖျက်ရန် ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုများကို စီစဉ်လျက်ရှိကြောင်း၊ ဝက်သက်ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ အဖုများထွက်ခြင်း၊ ချောင်းဆိုးခြင်း၊ မျက်လုံးနီခြင်းနှင့် နှာရည်ယိုခြင်းတို့ဖြစ်ကြောင်း အင်န်အိုင်စီဒီက ပြောကြားသည်။

ဝက်သက်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးမှာ အာဟာရချို့တဲ့သည့် ကလေးများနှင့် အသက် နှစ်နှစ်အောက်ကလေးများတွင် ပိုမိုပြင်းထန်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်၌ ရေခဲများနှင့်နှင်းမုန်တိုင်းများကြောင့် ရာနှင့်ချီသည့် လေကြောင်းခရီးစဉ်များဖျက်သိမ်းရ

**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၂၄**

ရေခဲများနှင့် နှင်းမုန်တိုင်းများကြောင့် အမေရိကန်ပစိဖိတ် အနောက်မြောက်ပိုင်းရှိ အဓိကလေဆိပ်ကြီးများတွင် ဒီဇင်ဘာ ၂၃ ရက်က ရာနှင့်ချီသည့် လေကြောင်း ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။

ဝါရှင်တန်ပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် ဆီယက်တဲလ်တွင် ဒီဇင်ဘာ ၂၃ ရက်ဒေသစံတော်ချိန် နံနက် ၈ နာရီက လေကြောင်းခရီးစဉ်ပေါင်း ၄၄၉ ခု ဖျက်သိမ်းခဲ့ရပြီး မြို့အတွင်းမှ ထွက်ခွာသွားသည့် လေကြောင်းခရီးစဉ် ၃၉ ရာခိုင်နှုန်းရှိကာ မြို့အတွင်း ဝင်ရောက်လာသည့် ခရီးစဉ်မှာ ၄၀ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ပို့လန်းတွင်မူ ခရီးစဉ်ပေါင်း ၂၀၂ ခု ဖျက်သိမ်းခဲ့ရသည်။ ဆန်ဖရန်စစ္စကိုလေဆိပ်တွင် လေကြောင်းခရီးစဉ်ပေါင်း ၅၁ ခု ဖျက်သိမ်းခဲ့ရပြီး နောက်ထပ်လေယာဉ် ၇၉ စင်းမှာလည်း နှောင့်နှေးခဲ့ရသည်။ ဒီဇင်ဘာ ၂၄ ရက်တွင် အမေရိကန် ပြည်ထောင်စုတစ်လွှား လေယာဉ် ခရီးစဉ်ပေါင်းထောင်နှင့်ချီ၍ ဖျက်သိမ်းခဲ့ရသည်။ ယခုသီတင်းပတ်အကုန်တွင် နိုင်ငံ၏သုံးပုံနှစ်ပုံ၌ ရေခဲသည့် အပူချိန်နှင့် နှင်းမုန်တိုင်းများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရပြီး အားလပ်ရက် ခရီးသွားလာမှုကို နှောင့်နှေးစေခဲ့သည်။

**ဆင်ဟွာ**




နှင်းမှုန်များကြားမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၈၃၄ ဦးရှိပြီး ၂၂ ဦးသေဆုံး

**မနီလာ ဒီဇင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၈၃၄ ဦးရှိသဖြင့် နိုင်ငံအတွင်း အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၄၀၆၀၉၆၀ ရှိကြောင်း ကျန်းမာရေးဌာန(ဒီအိုအိတ်ချ်)က ထုတ်ပြန်ထားသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်မှာ ၁၆၄၈၉ ဦးအထိ လျော့နည်းလာပြီး အဆိုပါရောဂါဖြင့် သေဆုံးသူ ၂၂ ဦးရှိသဖြင့် နိုင်ငံအတွင်း သေဆုံးသူပေါင်း ၆၅၂၁၅ ဦးရှိပြီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီ ၁၅ ရက် တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၃၉၀၀၄ဦး ရှိသဖြင့် ကူးစက်မှုအမြင့်ဆုံးဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်- ၁၉ ကာကွယ် ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူ ၇၃ ဒသမ ၇ သန်းနီးပါးရှိကြောင်းသိရသည်။

**ဆင်ဟွာ**

## ပြင်သစ်နိုင်ငံ ပါရီမြို့လယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး သုံးဦးသေဆုံး

**ပါရီ ဒီဇင်ဘာ ၂၄**

ပါရီမြို့လယ်တွင် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်စဉ်အတွင်း အမျိုးသမီး တစ်ဦးနှင့် အမျိုးသား နှစ်ဦးအပါအဝင် သုံးဦးသေဆုံးကြောင်း ပါရီမြို့ အစိုးရရှေ့နေရုံးက အတည်ပြု ပြောကြားသည်။

**ယခင်က မှုခင်းမှတ်တမ်းနှစ်ခုရှိ**

ပြင်သစ် ပြည်ထဲရေးဝန်ကြီး ဂါရတ် ဒါမနင်က လူသတ်သမား၏ ရည်ရွယ်ချက်ကို တိတိကျကျ မသိရှိရသေးသော်လည်း သံသယရှိသူသည် တစ်ဦးတည်းကျူးလွန်သည်မှာ ထင်ရှားကြောင်း ပြောသည်။ သေနတ်ပစ်ခတ်သူဟု သံသယရှိသူမှာ ယခင်က မှုခင်းမှတ်တမ်း နှစ်ခုရှိကြောင်း ပါရီအစိုးရရှေ့နေ လော်ရီဘက်ကူရာက အခင်းဖြစ်ပွားရာ နေရာ၌ သတင်းထောက်များကို ပြောသည်။

**ဖမ်းဆီးရမိပြီးနောက် ချက်ချင်းစုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ပါရီမြို့လယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခြင်းမှာ အလွန် စက်ဆုပ်ဖွယ်ရာကောင်းသည့်ဖြစ်ရပ်ဟု ပြောသည်။ အဆိုပါ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ သုံးဦးအပြင် အခြား သုံးဦးလည်း ထိခိုက်ဒဏ်ရာရရှိကြောင်းနှင့် တစ်ဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာ၌ ရဲတပ်ဖွဲ့က သံသယရှိသူကို ဖမ်းဆီးရမိပြီးနောက် ချက်ချင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

**ဆင်ဟွာ**



သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်စဉ်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်သည့်မြန်မာဟူသော ဂုဏ်ဒြပ်နှင့်အတူ လက်ဆင့်ကမ်းပေးရမည့်အမွေအနှစ်

**၇၅ နှစ် စိန်ရတုတိုင် တည်ခဲ့ပြီဖြစ်သည့် မြန်မာ့လွတ်လပ်ရေး။**

**လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဟူသောကြွေးကြော်သံဖြင့် တိကျပြတ်သားသော ရည်မှန်းချက်တစ်ခုဆီ အရောက်လှမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး အလိုချင်ဆုံးသော လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ နယ်ချဲ့တိုင်းတစ်ပါးတို့ စိုးမိုးမှုအောက်မှာ မနေချင်ကြ၍ အသက်၊ သွေး၊ ချွေး စတေးပေးဆပ်ပြီးမှ ခက်ခဲကြမ်းတမ်းစွာဖြင့် တိုက်ခိုက်ရယူခဲ့ရသော လွတ်လပ်ရေးဖြစ်၍ စစ်မှန်သောလွတ်လပ်ရေးဟု ဆိုထိုက်သည်။**

**မိုးကေနိုင်**


အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သောနိုင်ငံ၊ လုံးဝလွတ်လပ်သောလူမျိုးများအဖြစ်သို့ ရောက်ရှိသည်ဖြစ်၍ လွတ်လပ်ရေးကို အလေးအနက် တန်ဖိုးထားတတ်ကြသည်၊ အထွတ်အမြတ်ထားအပ်ကြသည်။

**တာဝန်ယူတာဝန်ခံမှုရှိရမည့် သမိုင်းပေးတာဝန်**

မြန်မာတို့၏ လွတ်လပ်ရေး မပျောက်ကွယ်၊ မပျက်စီး၊ အဖျက်ဆီးမခံရအောင် အသက်ပေးကာကွယ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ (၇၅) နှစ်ရှိခဲ့ပါပြီ။ လွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရန် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရမည်မှာ ယနေ့မျိုးဆက်သစ် ပြည်ထောင်စုသားအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်နေသည်ကိုလည်း သတိမလစ်ရန်လိုသည်။ ဤနေ့ဤကာလရောက်တိုင်း သားစဉ်မြေးဆက် သတိပေးနှိုးဆော်ကြသလို ကိုယ့်လက်ထက်ရောက်မှ အချုပ်အခြာဆုံးရှုံးရသည့်အဖြစ်မျိုး လုံးဝမဖြစ်စေလိုသည်မှာ လွတ်လပ်ရေးနှင့်တကွ လွတ်လပ်မှုကို တန်ဖိုးထားသူတိုင်း၏ ပြင်းပြသောဆန္ဒဖြစ်သည်။

လွန်ခဲ့သော အတိတ်ကာလများကို ပြန်ပြောင်းကြည့်လျှင် မြန်မာနိုင်ငံတွင် လုံးဝလွတ်လပ်သော အလွတ်လပ်ဆုံးကာလများရှိခဲ့သလို အကျပ်အတည်းဖိအားများအောက်တွင် နေထိုင်ခဲ့ရသည်များလည်းရှိခဲ့သည်။ သို့သော် လွတ်လပ်မှုဟူသော ဂုဏ်ဒြပ်ကို တလွဲ၊ အလွဲအသုံးချလျှင်ကား တန်ဖိုးလျော့သွားမည်သာဖြစ်သည်။

လွတ်လပ်မှုမှာ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိရတတ်သည်။ မိမိ၏ လွတ်လပ်မှုသည် အခြားသူတစ်ဦး၏ လွတ်လပ်မှုကို မထိခိုက်စေသင့်။ လေးစားရမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦး၏ အခြေခံအခွင့်အရေးဆိုသည်မှာ တရားမျှတမှုရှိ မရှိ၊ ခွဲခြားဆက်ဆံမှုရှိ မရှိ၊ တန်းတူညီမျှမှု ရှိ မရှိအပေါ်တွင် အခြေခံသည်။ အဆိုပါ အခြေခံအချက်မျှလောက်မှ မရှိသော လူ့အဖွဲ့အစည်းတစ်ခုတွင် တရားဥပဒေစိုးမိုးမှုအားနည်းနေတတ်ပြီး နိုင်ငံသားတစ်ဦး၏ အခွင့်အရေး ဆုံးရှုံးနစ်နာမှုသည်များသည်ထက်များလာနိုင်ပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးချင်းစီ၏ လုံခြုံမှု မရှိခြင်း၊ လွတ်လပ်မှုကင်းမဲ့ခြင်းမှသည် လူ့အဖွဲ့အစည်း၏ လွတ်လပ်မှုကို ထိခိုက်နိုင်ခြေ၊ ထိုမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာထိပါးနိုင်ခြေအထိ ရှိလာနိုင်ခြင်းကို သတိထားနိုင်ရန် ဖြစ်ပါသည်။




ရန်ကုန်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်မှ မော်ကွန်းကျောက်စာ။

> **“ တိုင်းတစ်ပါးလက်အောက် ကျွန်အဖြစ်ဖြင့်မနေလို၍ ကျွန်ပြုသူများကို တိုက်ခဲ့ပြီးမှ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့ လွတ်မြောက်ခဲ့ကြခြင်း ဖြစ်သည်။ ကျွန်ပြန်မဖြစ်ရန် ကာကွယ်စောင့်ရှောက်သူက စောင့်ရှောက်နေသလို ကျွန်သဘောက်ဘဝ မျှော်ကိုးသူများလည်း ရှိနေပြန်သည်။ ကာကွယ်သည်ဆိုရာတွင် အသက်ပေးစောင့်ရှောက်၍ နိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးပိုင်သော လွတ်လပ်ရေးကို အသက်တမျှတန်ဖိုးထား၍ဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်ပြန်ရောက်အောင် တွန်းပို့ပြီး တိုက်ရိုက်ကျွန်ခံချင်သူများရှိနေသလို လက်ဝေခံဘဝဖြင့် သူများကျွေးစာ၊ ပေးစာ၊ ကမ်းစာမျှော်လင့်ပြီး ခိုင်းသည့်အတိုင်းလုပ်၍ တိုင်းပြည်ကို အကြမ်းနည်း၊ အနုနည်းမျိုးစုံဖြင့် ဖျက်ဆီးပြီး သွယ်ဝိုက်ကျွန်ခံသူများလည်း ရှိနေပြန်သည် ”**

**ဆုံးရှုံးနိုင်ခြေများသည့် လွတ်လပ်ရေး၏အဓိပ္ပာယ်**

တိုင်းတစ်ပါး နယ်ချဲ့လက်အောက်တွင်ရှိစဉ်က တရားမျှတမှုကင်းမဲ့ခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ တန်းတူညီမျှမှုမရှိခြင်း၊ ဖိနှိပ်ခံရခြင်း၊ လွတ်လပ်မှုမရှိ ကျွန်သဖွယ် ဆက်ဆံခံရခြင်းတို့ကြောင့် နယ်ချဲ့ကို တော်လှန်ခဲ့ပြီးမှ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်ခါမှ၊ အချုပ်အခြာပိုင်နိုင်ငံဖြစ်ခါမှ တရားမျှတမှုမရှိ ခွဲခြားဆက်ဆံခံရသည့်အခြေအနေ၊ နိုင်ငံသားအခွင့်အရေးများဆုံးရှုံးနေရသည့် အခြေအနေနှင့် လွတ်လပ်မှုမရှိ မငြိမ်းချမ်းသည့်ဘဝမျိုးကို စစ်မှန်သောလွတ်လပ်မှုဟု ထင်မြင်ကြမည်မဟုတ်ပါ။

> **နောက်ဆက်တွဲအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားကြွန်အင်လက္ခဏာနှင့်တကွ တိုင်းရင်းသားအပေါင်း၏ အမျိုးသားအကျိုးစီးပွားကိုပါ မျက်ခြည်ပြတ်သွားတတ်သည်။ နိုင်ငံတော်၏အချုပ်အခြာတွင်ပါဝင်သည့် ဘာသာ သာသနာနှင့် အမျိုးသားရေးလက္ခဏာများ တစ်စထက်တစ်စ ဝါးမျိုခံရပြီး ချို့ယွင်းပျက်စီးလာပြီဆိုလျှင် နောင်တွင် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင် အခက်အခဲများ ရှိလာနိုင်သည်ဆိုသည့်အချက်ကို မြော်တွေးထားရမည် ဖြစ်သည်**

ပြည်သူတွေ တိုင်းရင်းသားတွေ မညီညွတ်ကြ၍ အချင်းချင်းတိုက်ကြခိုက်ကြ၊ မစည်းလုံးကြ၍ နိုင်ငံပြိုကွဲမည့်ဘေးမှလည်းကောင်း၊ တိုင်းတစ်ပါးကိုလိုနီလက်သစ်တို့၏ ဝင်ရောက်စွက်ဖက် ဖိအားပေးမှုအမျိုးမျိုးကြောင့်လည်းကောင်း၊ အချုပ်အခြာထိပါးခံရပြီး ကျဆုံးနိုင်ငံ ဖြစ်မည့်အရေးမှလည်းကောင်း လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေများစွာရှိနေသည်ကို သတိပြုဆင်ခြင်ရမည်ဖြစ်ပါသည်။

လူဦးရေ ၅၅ သန်းမျှရှိသော မြန်မာနိုင်ငံသည် ဧရိယာအကျယ်အဝန်းကြီးမားကျယ်ပြန့်ပြီး သဘာဝကပေးထားသော တောတောင်ရေမြေနှင့် သယံဇာတများ ပေါများကြွယ်ဝပါသည်။ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးစုများသည် မတူကွဲပြားခြားနားသော ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာများကို ကိုယ်စီပိုင်ဆိုင်ကြသည်။

ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံဖြင့် အေးအတူပူအမျှ အစဉ်အဆက်နေထိုင်လာခဲ့ကြသော်လည်း မတူညီမှုကို အကြောင်းပြု၍ လက်နက်ကိုင်တိုက်ခိုက်နေကြသော လက်နက်ကိုင်အဖွဲ့များစွာလည်းရှိကြသည်။ တိုက်ခိုက်မှုများဖြင့် မငြိမ်းချမ်းနိုင်သေးသည်မှာ အားလုံးအသိဖြစ်သည်။ နိုင်ငံရေးအကြောင်းပြချက်ဖြင့် မငြိမ်သက်အောင် ဆူပူလှုံ့ဆော်အကြမ်းဖက်မှုများလည်း ရှိနေဆဲဖြစ်သည်။ အကြမ်းဖက်မှုများကြီးထွားပြီး အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေရသည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုသည် ဆက်စပ်နေပြီး ငြိမ်းချမ်းမှုမရှိ၍ မဖွံ့ဖြိုး၊ မဖွံ့ဖြိုး၍ မငြိမ်းချမ်းနိုင်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တစ်ပြိုင်နက်တည်ဆောက်နေရသည်။ သို့မဟုတ်လျှင် လွတ်လပ်ရေးဆိုသော ဝေါဟာရ၏ အဓိပ္ပာယ်၊ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားနားလည်ရန် ခက်ခဲနေပါလိမ့်မည်။

တိုင်းတစ်ပါးလက်အောက် ကျွန်အဖြစ်ဖြင့်မနေလို၍ ကျွန်ပြုသူများကို တိုက်ခဲ့ပြီးမှ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့ လွတ်မြောက်ခဲ့ကြခြင်း ဖြစ်သည်။ ကျွန်ပြန်မဖြစ်ရန် ကာကွယ်စောင့်ရှောက်သူက စောင့်ရှောက်နေသလို ကျွန်သဘောက်ဘဝ မျှော်ကိုးသူများလည်းရှိနေပြန်သည်။ ကာကွယ်သည်ဆိုရာတွင် အသက်ပေးစောင့်ရှောက်၍ နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ တိုင်းရင်းသားအားလုံး ပိုင်သော လွတ်လပ်ရေးကို အသက်တမျှ တန်ဖိုးထား၍ဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်ပြန်ရောက်အောင် တွန်းပို့ပြီး တိုက်ရိုက်ကျွန်ခံချင်သူများရှိနေသလို လက်ဝေခံဘဝဖြင့် သူများကျွေးစာ၊ ပေးစာ၊ ကမ်းစာမျှော်လင့်ပြီး ခိုင်းသည့်အတိုင်းလုပ်၍ တိုင်းပြည်ကို အကြမ်းနည်း၊ အနုနည်းမျိုးစုံဖြင့် ဖျက်ဆီးပြီး

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

သွယ်ဝိုက်ကျူးကျော်ခံသူများလည်း ရှိနေပြန်သည်။

**လုံခြုံရေးနှင့် အချုပ်အခြာဆက်စပ်မှု**

နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာတည်မြဲနေသရွေ့ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေနိုင်မည်သာဖြစ်သည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးကို တိုက်ယူစဉ်က လွတ်လပ်ရေးသည်သာ ပထမ၊ ဒုတိယ၊ တတိယဦးစားပေးရှိခဲ့သော်လည်း ယခုကာလမှာမူ တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်သော အချုပ်အခြာမကျိုးပေါက်ရန်က အရေးကြီးဆုံးဖြစ်နေ၍ လုံခြုံရေးသည်သာ ပထမ၊ လုံခြုံရေးသည် ဒုတိယ၊ လုံခြုံရေးသည်သာ တတိယဟု သတ်မှတ်လိုပါသည်။ လုံခြုံရေးဟု ဆိုလိုက်သည်နှင့် လက်နက်ကိုင်တပ်ဖွဲ့စစ်သည်များကိုသာ ပြေးမြင်ရန်မဟုတ်၊ နယ်ပယ်များစွာအထိ ကျယ်ပြန့်စွာ မြင်ပေးရန်လိုသည်။

လူသားလုံခြုံရေးဟူ၍ လူတစ်ဦးချင်းလုံခြုံရေးမှသည် အစာအာဟာရလုံခြုံဖူလုံမှုရှိရေး၊ ဆိုက်ဘာလုံခြုံရေး၊ ဓာတုဇီဝလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ သတင်းအချက်အလက် လုံခြုံရေး၊ ကျန်းမာရေးလုံခြုံရေး၊ ပြည်သူ့ရေးရာလုံခြုံရေး စသည်ဖြင့်နိုင်ငံတော်လုံခြုံရေးအထိ သဘောတရားအရ ကျယ်ပြောလှသည်။ ဆိုင်ရာအထူးပြုနယ်ပယ်အလိုက် မကျိုးမပျက် ဆက်စပ်ဆောင်ရွက်နိုင်မှသာ နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသော လုံခြုံမှုကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ နယ်ပယ်အားလုံးတွင် လူသားလုံခြုံရေးကပို၍အဓိကကျပြီး အားလုံး၏ဗဟိုချက်မဖြစ်မည်ဟုလည်း ယူဆပါသည်။

**လုံခြုံရေးကျိုးပေါက်မှုအန္တရာယ်**

အထက်ပါ သဘောတရားများအရ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင်

**ခက်ခဲစွာ ပေးဆပ်ရယူထားရသော ပစ္စည်းတစ်ခု၏ အနှစ်သာရနှင့် တန်ဖိုးဟူသည် ဘယ်အရာနှင့်မှ လဲ၍မရပါ။ ရတနာသဖွယ်သဘောထား၍ တန်ဖိုးကို နားလည်မှသာ ထိန်းသိမ်းတတ်ပါမည်၊ စောင့်ရှောက်နိုင်စွမ်းရှိပါမည်။ ဆင်ခြင်တုံတရားပြည့်ပြီး အမြော်အမြင်လည်း ထပ်တူရှိနေမှသာ ပြီးပြည့်စုံခြင်းသို့ ရောက်ပါမည်။ ဆုံးရှုံးနိုင်ခြေအကြောင်းတရားများကို အခွင့်အလမ်းအဖြစ် မှတ်ယူ၍ ပညာဉာဏ်ဖြင့် ဖန်တီးနိုင်လျှင်ကား အားသာချက်များကို တည်ဆောက်ပြီးသားဖြစ်သွားပါမည်။ သို့မှသာ မိမိတို့ လက်ထက် တာဝန်ကျေစွာထိန်းသိမ်းထားသော လွတ်လပ်သောမြန်မာဆိုသည့် အမွေအနှစ်ကောင်းတစ်ခုကို နောင်မျိုးဆက်တို့ထံ အပြစ်အနာအဆာမရှိ လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း**

လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်စွမ်းတွင် ပြဿနာများစွာ ကြုံတွေ့ဖြေရှင်းနေရသလို စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်ကိုလည်း တွေ့မြင်နေရသည်။

ကမ္ဘာ့နေရာအချို့တွင် လက်နက်ကိုင်ပဋိပက္ခအသစ်များ စစ်ပွဲအသစ်များ ဖြစ်ပေါ်နေသည်။ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကျိုးပေါက်မှုသည် ကျန်နိုင်ငံများတွင်ပါ သက်ရောက်မှုများရှိလာနေပြီး ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးကို အကြီးအကျယ်ခြိမ်းခြောက်မှုများ ရှိလာနေသည်။ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ်များနှင့်အတူ စီးပွားရေးဆုတ်ယုတ်မှုများ၊ ဆင်းရဲမွဲတေမှုနှင့် အငတ်ဘေးပြဿနာ၊ ထိုမှသည် ဆင်းရဲချမ်းသာကွာခြားချက်နှင့် မညီမျှမှုများဆက်တိုက်ဆိုးရွားလာနေပြီး နိုင်ငံရွှေ့ပြောင်းထွက်ခွာမှုများနှင့်အတူ အချို့ဖွံ့ဖြိုးပြီးနိုင်ငံများပင် ဒုက္ခသည်ပြဿနာများကို ထပ်ဆင့်ကြုံတွေ့လာနေရပြီဖြစ်သည်။

ဆင်းရဲမှုအပြင် မူးယစ်ဆေးဝါး ပျံ့နှံ့ခြင်းကပါ ထပ်ဆင့်လာသည့်အခါ ရာဇဝတ်မှုများပါ ထူပြောလာသည်။ လက်နက်မှောင်ခို တင်သွင်းမှုများက အကြမ်းဖက်အားပေးသလို ဖြစ်လာနေသည်။ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခရာဖြစ်သော ပညာသင်ကြားရေးတွင် အနှောင့်အယှက်များရှိနေခြင်း၊ နိုင်ငံသားများ၏ ကိုယ်ကျင့်တရားများ ပျက်ယွင်းလာခြင်း၊ နိုင်ငံတွင်း ခိုးဝင်မှုများပြားလာခြင်းနှင့်အတူ လူမှုရေးပဋိပက္ခအသစ်များက လူ့အဖွဲ့အစည်းအတွင်း မငြိမ်သက်မှုများဖြစ်ပေါ်စေပြီး တရားဥပဒေစိုးမိုးမှုကို ခြိမ်းခြောက်လာနေသည်။ အထက်ပါအကြောင်းတရားများကြောင့် နိုင်ငံများစွာတွင် အစိုးရများအပေါ် လူထု၏ယုံကြည်မှုများ ပျောက်ဆုံးလာပြီး နိုင်ငံရေးဆိုင်ရာလုံခြုံမှုကိုပါ ထိခိုက်မှုများရှိလာနေကာ ကမ္ဘာကြီးအတွက် အနုတ်လက္ခဏာများသာဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရမည် ဖြစ်သည်။

**လွတ်လပ်ရေးကိုထိပါးနိုင်သည့် ကြောင်းကျိုးတရားများ**

နိုင်ငံတိုင်းတွင် မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာတရား၊ စာပေအနုပညာ ဓလေ့ထုံးတမ်းအစဉ်အလာများ ကိုယ်စီရှိကြသည်။ အရေးတကြီးတန်ဖိုးထားရမည့်ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများလည်းဖြစ်သည်။ ကိုယ်ခံအားနည်းလျှင် မိမိတို့အမျိုးသားရေးစရိုက်နှင့် မစပ်ဟပ်သည့် ဆန့်ကျင်ဘက်ယဉ်ကျေးမှုများ တဖြည်းဖြည်းစိမ့်ဝင်ပျံ့နှံ့ပြီး ယဉ်ကျေးမှုတိုက်စားခံရနိုင်သည်။ ထိုအခါ နိုင်ငံသားများ အထူးသဖြင့် လူငယ်များတွင် မိမိယဉ်ကျေးမှုကို အထင်သေးပြီး တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် သူများတိုင်းပြည်ကိုမှ အထင်ကြီးကုရခက်သည့်ရောဂါတစ်မျိုးနှယ် စွဲကပ်သွားတတ်သည်။

**နောက်ဆက်တွဲအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားကြန်အင်လက္ခဏာနှင့်တကွ တိုင်းရင်းသားအပေါင်း၏ အမျိုးသားအကျိုးစီးပွားကိုပါ မျက်ခြည်ပြတ်သွားတတ်သည်။ နိုင်ငံတော်၏အချုပ်အခြာတွင် ပါဝင်သည့် ဘာသာသာသနာနှင့် အမျိုးသားရေးလက္ခဏာများ တစ်စထက်တစ်စဝါးမျိုခံရပြီ၊ ချို့ယွင်းပျက်စီးလာပြီဆိုလျှင် နောင်တွင် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင် အခက်အခဲများ ရှိလာနိုင်သည် ဆိုသည့်အချက်ကို မြော်တွေးထားရမည် ဖြစ်သည်။**

အထက်ပါ အချက်များသည် နိုင်ငံတော်၏ လုံခြုံရေးကိုသာမက လွတ်လပ်ရေးကိုပါ ခြိမ်းခြောက်ထိပါးလာနိုင်ခြေရှိသည့် အချက်များဖြစ်သည်ကို သတိထားရမည်ဖြစ်သည်။ ယနေ့ ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေများအရ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကျဆုံးရန်လွယ်ကူလှသည်။ ပထဝီနိုင်ငံရေး၊ စီးပွားရေးအရ ချိန်ညှိစွက်ဖက်လာမှုများအပေါ် တောင့်ခံနိုင်ရန်လိုပါသည်။ လွတ်လပ်ရေးဆုံးရှုံးနိုင်စေသောပြင်ပအကြောင်းတရားများကို လွန်ဆန်ရန်မလွယ်ကူသော်လည်း မိမိပြည်တွင်း အကြောင်းတရားများကိုမူ မိမိတို့စွမ်းအားများဖြင့် ကောင်းစွာချေဖျက်နိုင်မည့် အခွင့်အလမ်းများကို ရယူဆုပ်ကိုင် အသုံးချနိုင်စွမ်းရှိရပါမည်။

ခက်ခက်ခဲခဲ ရယူထားရသော လွတ်လပ်ရေး၏တန်ဖိုးကို မျိုးဆက်အစဉ်အဆက် သိရှိနားလည်ရန်ကား အရေးကြီးဆုံးဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်တွင် ဆိုးဆိုးရွားရွားနေခဲ့ရသည့်ဘဝမျိုး ယနေ့မျိုးဆက်သစ်တို့ မကြုံဖူးသော်လည်း အတိတ် ကမ္ဘာ့သမိုင်းသင်ခန်းစာများအရ အချုပ်အခြာဆုံးရှုံးခဲ့ရသော နိုင်ငံများမှ ပြည်သူများ၏ဘဝကို ဝင်ရောက်ခံစားကြည့်လျှင်လည်း သိနားလည်နိုင်မည်သာဖြစ်သည်။

**ခက်ခဲစွာ ပေးဆပ်ရယူထားရသော ပစ္စည်းတစ်ခု၏ အနှစ်သာရနှင့် တန်ဖိုးဟူသည် ဘယ်အရာနှင့်မှ လဲ၍မရပါ။ ရတနာသဖွယ်သဘောထား၍ တန်ဖိုးကို နားလည်မှသာ ထိန်းသိမ်းတတ်ပါမည်၊ စောင့်ရှောက် နိုင်စွမ်းရှိပါမည်။ ဆင်ခြင်တုံတရားပြည့်ပြီး အမြော်အမြင်လည်း ထပ်တူရှိနေမှသာ ပြီးပြည့်စုံခြင်းသို့ ရောက်ပါမည်။ ဆုံးရှုံးနိုင်ခြေအကြောင်းတရားများကို အခွင့်အလမ်းအဖြစ် မှတ်ယူ၍ ပညာဉာဏ်ဖြင့် ဖန်တီးနိုင်လျှင်ကား အားသာချက်များကို တည်ဆောက်ပြီးသား ဖြစ်သွားပါမည်။ သို့မှသာ မိမိတို့ လက်ထက် တာဝန်ကျေစွာထိန်းသိမ်းထားသော လွတ်လပ်သောမြန်မာဆိုသည့် အမွေအနှစ်ကောင်းတစ်ခုကို နောင်မျိုးဆက်တို့ထံ အပြစ်အနာအဆာမရှိ လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင် လိမ့်မည်ဟု ယုံကြည်မိပါကြောင်း** ရေးသားလိုက်ရပါသည်။ ။

---

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက် အမှတ်၊ A-1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများကို MV. PACIFIC RAPIER ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၂.၇၂၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၁၉.၉၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၅.၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၅၈.၄၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၄၄.၂၀၈ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၃.၅၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၅၇၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၃၄.၇၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၁.၂၇၂ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၅၆.၇၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၀၁.၈၇၂ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၃၉.၄၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅၂.၃၃၂ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၁.၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၂၃.၇၁၂ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ A-1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများကို MV. PACIFIC RAPIER ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပဲခူးစက်မှုဇုန်၌ အလုပ်သမားရေးရာများ အသိပညာပေးဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးစက်မှုဇုန်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ပြီး My Port အထည်ချုပ်စက်ရုံနှင့် Jade Blue အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများအား အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက အလုပ်သမားရေးရာများအသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို ကောင်းစွာသိရှိနားလည်ပါက အငြင်းပွားမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ အလုပ်ရှင်အနေဖြင့်လည်း ဥပဒေပါခံစားခွင့်များ အပြည့်အဝပေးရန် လိုအပ်ကြောင်း၊ အလုပ်သမားအငြင်းပွားမှုများ ဖြစ်ပွားလာပါက စက်ရုံတွင်း၌ ပြေလည်မှုရရှိအောင်




(WCC) တွင် ကနဦးဆွေးနွေးညှိနှိုင်းမှုလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ (WCC)တွင် ပြေလည်မှုမရရှိပါက ဝန်ကြီးဌာနအောက်ရှိ အလုပ်သမားရေးရာဌာနများသို့ တိုင်ကြားနိုင်ပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန် လိုကြောင်း၊ သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အလုပ်သမားဥပဒေများပါ အလုပ်ရှင်၊ အလုပ်သမားများ သိရှိဆောင်ရွက်သင့်သည့်အချက်များကို သိရှိနိုင်ရေး ယခုလိုတွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများက အလုပ်သမားဥပဒေပါ အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

**ဝဏ္ဏမောင်(ပြန်/ဆက်)**



ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှုအဖြစ် (စတုတ္ထအပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က မြစ်ကြီးနားမြို့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းလမ်းလျှောက်ကြစဉ်။ ပြည်နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဥက္ကဋ္ဌ) မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြစဉ်။ ဆန်းကျော်ဦး(ပြန်/ဆက်)



၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (စတုတ္ထအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၂၄ရက်က တောင်ကြီးမြို့၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တပျော်တပါး ပါဝင်လမ်းလျှောက်ကြစဉ်။
မောင်မောင်သန်း(တောင်ကြီး)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ကျော်တို့က စုရပ်နေရာဖြစ်သည့် ပြည်သူ့အားကစားကွင်းရှေ့ ဗိုလ်ချုပ်လမ်းမှ ကန်သာယာရာပြည့်ကပ်ကျော် စေတီတော်ကြီးအထိ စုပေါင်းလမ်းလျှောက်ကြစဉ်။
တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒီဇင်ဘာလ (စတုတ္ထအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာလူထု အားကစားလ စုပေါင်း လမ်းလျှောက်ပွဲများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပြုလုပ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(စတုတ္ထအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်းအင်အား ၃၆၀၀ ခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။



**အာဟာရမုန့်များ ပေးဝေ**

လမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂) နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့ကြပြီးနောက် အားကစားနှင့်ကာယပညာဦးစီးဌာနက ရေသန့်ဘူး၊ Royal-D နှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

**ပါဝင်ဆင်နွှဲ**

လူထုစုပေါင်းလမ်းလျှောက်ပွဲများကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် တစ်နိုင်ငံလုံး တစ်မျိုးသားလုံး အမျိုးသားအားကစား စိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူတစ်ရပ်လုံး လှုပ်ရှားပါဝင် ဆင်နွှဲစေရန် ရည်ရွယ် ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ဒီဇင်ဘာလ၏ လူထုစုပေါင်းလမ်းလျှောက်ပွဲ (ပဉ္စမအပတ်) ကို ဒီဇင်ဘာ ၃၁ ရက်တွင် ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဘိုမြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ (စတုတ္ထပတ်) ကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၂၄**

ရွှေဘိုမြို့ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ (စတုတ္ထအပတ်) ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီခွဲက အမှတ် (၃) ရပ်ကွက် ရန်ကြီးအောင် အားကစားကွင်း စုရပ်နေရာတွင် ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦး၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀၀ ကျော်တို့က ရန်ကြီးအောင်အားကစားကွင်းစုရပ်မှ အနော်ရထာလမ်း၊ ဆင်ဖြူရှင်လမ်း၊ ရန်ကြီးအောင်လမ်း၊ ရဲကျုံးလမ်း၊ လက်ဝဲသုန္ဒရလမ်း၊ ဆင်ဖြူရှင်လမ်း၊ အနော်ရထာလမ်းအတိုင်း ရန်ကြီးအောင်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲကို ဆင်နွှဲကြပြီး ရန်ကြီးအောင်အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်သည်။ ၀၄၀



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၂-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဖောဇ္ဈင်္ဂသုတ်အနက်ဖွင့်မှတ်ကဏ်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၀** စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသီချင်းဆို ပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ်(Level-2) (ပွဲစဉ်-၁၇) (Semi Final) (Result Show) (ပြဋ္ဌာန်း၊ စိတ်ကြိုက်တေးများ)
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** အသိပညာနှင့်အမှန်တရား
**၁၃:၁၅** Weekly Local News Highlights
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**ဆောင်းတစ်ညဝယ်**'
**၁၆:၁၅** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၃၀** ခရစ္စမတ်အချိန်ခါပျော်ရွှင်စရာ
**၁၇:၄၀** Economic Review
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** (၇၅)နှစ်မြောက်စိန်ရတုတပ်မတော်(ရေ)နေ့ အထိမ်းအမှတ်ဂုဏ်ပြုတေးသီချင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ '**အတိုးမပေးတဲ့... နှီးလေး**' (အပိုင်း-၂၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၇၅)နှစ်မြောက်စိန်ရတုတပ်မတော်(ရေ)နေ့ ဂုဏ်ပြုဇာတ်လမ်း 'ကြယ်ညွှန်ရာသစ္စာ' (အပိုင်း-၈)
**၂၁:၄၅** ဘဝနှင့်အနုပညာ

**mitv**

**07:01** Evergreen Classic: Parami Taw (Hnin Hnin Htoo)
**07:09** Myanmar Paper Toys
**07:16** The Firefighter
**07:27** Myanmar Traditional Snacks: Popped Rice Ball
**07:32** The Richly Blessed Gem Land
**08:01** News
**08:27** Modifying Natural Thanakha Bark into Ready-make Skin Care Product
**08:33** Historic Of Kyaukka Shwe Gu Ni Pagoda
**08:40** His Life and His Art; Myanmarpyi Thein Tan-The Legendary Musician (Epi-4) 1970~1989 (1)
**09:01** His Life and His Art; Myanmarpyi Thein Tan-The Legendary Musician (Epi-4) 1970~1989 (2)
**09:22** Today Myanmar

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆောင်းရာသီရဲ့သဘာဝပန်းအလှများ
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
စကားပြီးပြောင်းနှင့်ပယ်ခုံအင်းအလှ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ထပ်အိမ်ဝူမှလင်းလက်လာမည့်ကြယ်ပွင့်လေးများ
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
မတူညီသောပုံရိပ်များ (အပိုင်း-၂)
ဇာတ်လမ်း
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားရိုးရာဝက်သားနဲ့ဖက်ခါးရွက်ဝါးမီးကင်
**ဝကကကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၇)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တောင်ပေါ်မြေမှကယန်းတိုင်းရင်းသားတို့ရဲ့တံခွန်တိုင်ပွဲတော်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် (သမဝါယမဦးစီးဌာန)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၉:၂၀** ခရစ္စမတ်ချိန်ခါပျော်ရွှင်စရာ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**လင်နဲ့မယား ရှာနဲ့သွားဆိုပေမယ့်**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** အကျိုးရှိစွာအသုံးချပါကိုင်းကျွန်းကိုင်းဆက်နည်းပညာ (ရှောက်၊ သရက်)
**၀၇:၁၀** မုံရွာဒေသဆောင်းသီးနှံအလှ
**၀၇:၄၀** မွေးမြူရေးရာအဖြာဖြာ
**၀၈:၄၀** ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ပဲမုန့်မျိုးစုံစားသုံးကြပါစို့
**၀၉:၁၅** မင်းဘူးဒေသထွက်ကညွှတ်သီးနှံ
**၀၉:၄၅** ကောင်းကျိုးဝေဖြာပေါင်းစည်းလယ်ယာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ခရစ္စမတ်ပွဲတော် တိုင်းရင်းသားပေါင်းစုံ ပါဝင်ဆင်နွှဲ




နေပြည်တော် ဒီဇင်ဘာ ၂၄

ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှု၊ ဆုတောင်းမှုများကို နှစ်စဉ် ဒီဇင်ဘာလ ကျင်းပလေ့ရှိရာ ယနေ့ ဒီဇင်ဘာ ၂၄ ရက် ညပိုင်း၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ခရစ္စမတ်အကြိုရောင်စုံမီးများ ထွန်းညှိထားရှိမှုကို တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခရစ္စမတ်ပွဲတော်ကိုလည်း ယနေ့ညပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပန်းခြံအတွင်း၌ ကျင်းပရာ တိုင်းရင်းသားရုပ်သံလိုင်းများမှ ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားများအပြင် ဌာနရှိဝန်ထမ်းများ စုပေါင်းပါဝင်ကာ ပျော်ရွှင်စွာဆင်နွှဲကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခရစ္စမတ်ပွဲတော်ကို ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းကောင်းချီးပေးခြင်းတို့ဖြင့် စတင်ဖွင့်လှစ်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရစ္စမတ်ဆုတောင်းစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ၊ ဗလာမပါ ကံစမ်းမဲဖောက်ခြင်း၊ ညစာခံကျွေးမွေးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးခြင်းတို့ဖြင့် စီစဉ်ကျင်းပခဲ့သည်။

**သတင်းစဉ်**


## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၁၂ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၁၈၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၁၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၀ ကျပ် | ၂၄၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၈ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၅ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၄၅၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၃ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၄ . ၅၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၀ . ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၄၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၇၀၀ | ၇၃၉ | ၆၄၉၃၁၀၀ |
| MTSH | ၃၂၅၀ | ၃၂၀၀ | ၆၉၀၀ | ၂၂၁၂၁၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၀၀ | ၁၉၀၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၄ | ၁၀၈၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဂျပန်အစိုးရ၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးရည်မှန်းချက်နှင့် ကြိုးပမ်းဆောင်ရွက်မှုများ

## တက္ကသိုလ်မောင်ရှုပ




၂၀၁၁ ခုနှစ် မြေငလျင်ကြောင့် အဏုမြူဓာတ်ပေါင်းဖို အရည်ပျော်ကျမှုနှင့် အဏုမြူရောင်ခြည်ပျံ့လွင့်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် အဏုမြူဓာတ်ပေါင်းဖိုများ လည်ပတ်ရေးဆိုင်ရာစည်းမျဉ်းများကို ဂျပန်အစိုးရက ပိုမိုတင်းကျပ် သတ်မှတ်ထားပုံ။

၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးရည်မှန်းချက်များ ပြည့်မီစေရေးအတွက် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးမြှင့်သုံးစွဲသွားရန် ဂျပန်အစိုးရက လျာထားဆောင်ရွက်နေပုံ။

*(ယမန်နေ့မှအဆက်)*

**အဆင့်-၇ (ရေတိုနှင့် ရေရှည်ကာလ၂-ရပ်စလုံးအတွက် မျှော်မှန်းဆောင်ရွက်သွားရန်)**

ကမ္ဘာကြီးပူနွေးလာမှုရဲ့ အကျိုးသက်ရောက်မှုတွေဟာ မိုးခေါင်ရေရှားခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စတဲ့ပုံစံအမျိုးမျိုးနဲ့ ကမ္ဘာမြေကြီးကို အဖျက်စွမ်းအားအဖြစ် ရိုက်ခတ်လျက်ရှိနေပါတယ်။ ဒါကြောင့် နိုင်ငံတကာ အသိုက်အဝန်းရဲ့ ကာဗွန်မျှခြေရရှိရေး မျှော်မှန်းချက် (လူသားတွေရဲ့ လုပ်ရပ်တွေကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထွက်ရှိလာမှုနဲ့ သစ်ပင်သစ်တောပြန်လည်စိုက်ပျိုးခြင်းဖြင့် လေထုအတွင်းရှိ ကာဗွန်များကို ဖယ်ရှားခြင်း) ကို ၂၀၃၀ ပြည့်နှစ်မှာ ပြည့်မီဖို့ အရေးကြီးပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး လုပ်ငန်းစဉ်တွေကို အစိမ်းရောင် ပြုပြင်ပြောင်းလဲမှုကနေတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအမံတွေနဲ့ ချိတ်ဆက်ပြီး အရှိန်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်ကမ္ဘာ့နိုင်ငံတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေမှာလည်း ဂျပန်နိုင်ငံဟာ သူ့ရဲ့ကျွမ်းကျင်မှု၊ နည်းပညာ၊ အတွေ့အကြုံတွေနဲ့ ပါဝင်အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။ ဒီကဏ္ဍမှာ ဂျပန်အစိုးရဟာ လာမယ့် ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံ ထောက်ပံ့သွားဖို့ ကတိကဝတ်ပြုထားတာကိုလည်း အစဉ်တစိုက် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ လောင်စာစွမ်းအင်ဈေးနှုန်းတွေ မြင့်မားလျက်ရှိတာကြောင့် နိုင်ငံတိုင်းအနေနဲ့ မိမိနိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ပံ့မှန်ထောက်ပံ့ပေးနိုင်မယ့် အရင်းအမြစ်တွေကို အရေးတကြီးရှာဖွေလာနေကြရပါတယ်။ ရေတိုကာလမှာတော့ စွမ်းအင်လိုအပ်ချက် ပြည့်မီရေးဟာ ဂျပန်နိုင်ငံရဲ့ ဦးစားပေးဆောင်ရွက်ရမယ့်ကဏ္ဍ ဖြစ်နေပေမယ့် နိုင်ငံအနေနဲ့ ၂၀၃၀ ပြည့်နှစ်နဲ့ ၂၀၅၀ ပြည့်နှစ်တွေမှာ ပြည့်မီရမယ့် ဦးတည်ရည်မှန်းချက်တွေ မေ့မှိန်မသွားစေဖို့ကလည်း အရေးကြီးပါတယ်။ ဒါကြောင့် လက်ရှိရင်ဆိုင်နေရတဲ့ စွမ်းအင်အခက်အခဲ ပပျောက်သွားစေဖို့ လိုအပ်တာတွေကို ဆောင်ရွက်သွားရမှာဖြစ်သလို အစိမ်းရောင် ပြုပြင်ပြောင်းလဲမှုကိုလည်း အောင်မြင်မှုရရှိလာစေပြီး ကျန်ကမ္ဘာ့နိုင်ငံများကို ထပ်မံမျှဝေပေးသွားနိုင်မှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံဟာ ၂၀၂၃ ခုနှစ်မှာ ဂျီ-၇ ထိပ်သီးအစည်းအဝေးတွေကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားဖို့ရှိပါတယ်။ လက်ရှိ ရင်ဆိုင်နေရတဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ စွမ်းအင်အကျပ်အတည်း အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး (COP 27) မှာ ဆွေးနွေးညှိနှိုင်းရရှိချက်တွေအပေါ် အခြေခံပြီး ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ ဦးဆောင်ကဏ္ဍကနေ ဆက်လက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

ဒီဆောင်းပါးရဲ့အစမှာ ဂျပန်နိုင်ငံဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးမှာ ရှေ့တန်းက ဦးဆောင်ပါဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ပစိဖိတ်သမုဒ္ဒရာအတွင်းတည်ရှိပြီး တောင်နဲ့မြောက် ကီလိုမီတာ ၃၀၀၀ ကျော် ရှည်လျားတဲ့ ကမ်းရိုးတမ်းတစ်လျှောက် မြောက်ဘက်အစွန်ဆုံး ဟော့ကိုင်းဒိုးဒေသ ပင်လယ်ပြင်မှာ ရေခဲမျောတွေ တွေ့နိုင်သလို တောင်ဘက်အစွန်ဆုံး အိုကီနာဝါဒေသမှာလည်း ဒီရေတောတွေ ရှိနေတဲ့နိုင်ငံ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ဇီဝမျိုးစုံမျိုးကွဲတွေ များပြားစုံလင်စွာ ရှိနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဂျပန်လူမျိုးတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာတွေ အရလည်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်းနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို မျှမျှတတ ရှုမြင်ဆောင်ရွက်တတ်ကြသူတွေ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး စနစ်တွေ ကောင်းမွန်မှုကြောင့် စွမ်းအင်ကို စနစ်တကျ သုံးစွဲနိုင်မှုနဲ့ လိုအပ်လာတဲ့အချိန်တွေမှာ စွမ်းအင်ကို ချွေတာသုံးစွဲကြဖို့ တိုက်တွန်းတိုင်း ဂျပန်ပြည်သူလူထုက လိုလိုလားလား လိုက်ပါဆောင်ရွက်ကြခြင်းတို့ဟာ ကျန်နိုင်ငံတွေက အတုယူသင့်တဲ့ ဂျပန်နိုင်ငံရဲ့ စံနမူနာကောင်းတွေ ဖြစ်တယ်လို့တောင် ပြောစမှတ်ပြုခံရတဲ့နိုင်ငံ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံဟာ ၂၀၅၀ ပြည့်နှစ်အရောက်မှာ နိုင်ငံတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအထိ ရရှိလာစေဖို့ ရည်မှန်းဆောင်ရွက်နေသလို ၂၀၃၀ ပြည့်နှစ်မှာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုဟာ ၂၀၁၃ ခုနှစ်က ထုတ်လုပ်မှု ပမာဏထက် ၄၆ ရာခိုင်နှုန်း လျှော့ချသွားဖို့ အစီအမံတွေ ချမှတ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီရည်မှန်းချက်တွေ အောင်မြင်မှု ရရှိလာစေဖို့အတွက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းစဉ်တွေ၊ အစိမ်းရောင်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။

၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလတွေတုန်းကတော့ ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချရေးလုပ်ငန်းစဉ်ကို နိုင်ငံရဲ့ ဂျီဒီပီနဲ့ နှိုင်းယှဉ်တွက်ချက်ရာမှာ ဂျပန်နိုင်ငံဟာ ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါတယ်။ သို့သော်နောက်ပိုင်းကာလတွေမှာ ပြည်တွင်းစီးပွားရေး ကျဆင်းမှုနဲ့ ၂၀၁၁ ခုနှစ်မှာ အင်အားကြီးမားတဲ့ မြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး လုပ်ငန်းစဉ်တွေမှာ တိုးတက်မှု နှေးကွေးခဲ့ပါတယ်။

ဂျပန်နိုင်ငံဟာ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်မှန်းချက်တွေ အောင်မြင်မှု ရရှိရေးရယ်၊ တစ်ဘက်မှာလည်း နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပျက် ရရှိရေးဟာ ဂျပန်အစိုးရအတွက် စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သဘာဝသယံဇာတ အရင်းအမြစ် ရှားပါးတဲ့နိုင်ငံ ဖြစ်ပါတယ်။ လက်ရှိ ဂျပန်နိုင်ငံအတွင်း လိုအပ်တဲ့ စွမ်းအင်သုံးစွဲမှုအတွက် လိုအပ်တဲ့အရင်းအမြစ်ရဲ့ ၈၆ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံတွေကနေ တင်သွင်းနေရတာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ စွမ်းအင်ထုတ်လုပ်မှု စုစုပေါင်းရဲ့ ၇၃ ရာခိုင်နှုန်းဟာ ရေနံ ၇ ဒသမ ၄ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၃၄ ဒသမ ၄ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၃၁ ရာခိုင်နှုန်း စတဲ့ ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာတွေကနေ ထုတ်လုပ်နေတာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်မတိုင်မီအထိ ဂျပန်နိုင်ငံ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ရဲ့ ၃၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးခဲ့တဲ့ အဏုမြူစွမ်းအင်ဟာလည်း ၂၀၁၁ ခုနှစ် ဖူကူရှီးမား မြေငလျင်ကြီးနဲ့ ဆူနာမီရေလှိုင်းဒဏ်ကြောင့် အနုမြူဓာတ်ပေါင်းဖို အရည်ပျော်ကျမှု ဖြစ်ပွားခဲ့ပြီးနောက် တစ်နိုင်ငံလုံးမှာရှိတဲ့ အဏုမြူဓာတ်ပေါင်းဖို ၃၃ လုံးအနက် ၂၇ လုံးဟာ လုံခြုံစိတ်ချရမှု အနေအထားကြောင့် ပိတ်ခဲ့ရပါတယ်။

၂၀၁၃ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အဏုမြူဓာတ်ပေါင်းဖိုများ ထိန်းချုပ်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ (Nuclear Regulatory Authority) က အဏုမြူဓာတ်ပေါင်းဖိုများ လုံခြုံရေးဆိုင်ရာ တင်းကြပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချမှတ်ခဲ့ပြီးနောက်ပိုင်း အခုအချိန်အထိ ပိတ်ထားရတဲ့ အဏုမြူဓာတ်ပေါင်းဖို ၁၀ လုံးကိုသာ ပြန်လည်ဖွင့်လှစ်လည်ပတ်နိုင်ပြီး အဏုမြူဓာတ်ပေါင်းဖို ၁၆ လုံးကတော့ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် ဆောင်ရွက်နေရဆဲအနေအထားမှာ ရှိပါတယ်။

လက်ရှိအချိန်မှာ အဏုမြူစွမ်းအင်ကနေ ဂျပန်နိုင်ငံ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ရဲ့ ခြောက်ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ဂျပန်နိုင်ငံ *စာမျက်နှာ ၂၁ သို့*

❍ **ဂျပန်နိုင်ငံရဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်တွေ ကောင်းမွန်မှုကြောင့် စွမ်းအင်ကို စနစ်တကျ သုံးစွဲနိုင်မှုနဲ့ လိုအပ်လာတဲ့အချိန်တွေမှာ စွမ်းအင်ကို ချွေတာသုံးစွဲကြဖို့ တိုက်တွန်းတိုင်း ဂျပန်ပြည်သူလူထုက လိုလိုလားလား လိုက်ပါဆောင်ရွက်ကြခြင်းတို့ဟာ ကျန်နိုင်ငံတွေက အတုယူသင့်တဲ့ ဂျပန်နိုင်ငံရဲ့ စံနမူနာကောင်းတွေ ဖြစ်တယ်လို့တောင် ပြောစမှတ်ပြုခံရတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ ၂၀၅၀ ပြည့်နှစ်အရောက်မှာ နိုင်ငံတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအထိ ရရှိလာစေဖို့ ရည်မှန်းဆောင်ရွက်နေသလို ၂၀၃၀ ပြည့်နှစ်မှာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုဟာ ၂၀၁၃ ခုနှစ်က ထုတ်လုပ်မှု ပမာဏထက် ၄၆ ရာခိုင်နှုန်း လျှော့ချသွားဖို့ အစီအမံတွေ ချမှတ်ဆောင်ရွက်လျက်ရှိနေပါတယ်**

# မြိတ်မြို့ ကက်သလစ်ခရစ်ယာန် ပရဟိတဂေဟာသို့ တိုင်းဒေသကြီးအစိုးရက ဆန်၊ ဆီများ လှူဒါန်း

မြိတ် ဒီဇင်ဘာ ၂၄



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်ကက်သလစ်ခရစ်ယာန် ပရဟိတဂေဟာသို့ ဆန်၊ ဆီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီဇင်ဘာ ၂၂ ရက်က ထောက်ပံ့လှူဒါန်းသည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက မြိတ်ကက်သလစ်ခရစ်ယာန်ပရဟိတဂေဟာမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် ဆရာတော်၏ ဩဝါဒသွန်သင်ဆုံးမမှုနှင့်အညီ ပညာကိုကြိုးစားသင်ယူစေလိုကြောင်း ပြောကြားပြီး ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဂေဟာအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ဆန်အိတ် ၅၀၊ ဆီပိဿာ ၂၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြိတ် ကက်သလစ်သာသနာ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာဘရူးနိုးဖိလစ်ထံ လှူဒါန်းခဲ့သည်။

ထို့အတူ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်က ဆန် ၁၅ အိတ်၊ ဆီ ၂၅ ပိဿာ၊ ပြည်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီက ဆန် ၁၅ အိတ်၊ ဆီ ၂၅ ပိဿာနှင့် ထူးထူးတိုးကုမ္ပဏီက ကြက်ဥအလုံး ၁၀၀၀ ကို လှူဒါန်းခဲ့ပြီး မြိတ် ကက်သလစ်သာသနာ ကျောင်းထိုင် ဘုန်းတော်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ခရိုင် (ပြန်/ဆက်)

# တပ်ကုန်းမြို့၌ စိန်ရတုလွတ်လပ်ရေးနေ့အကြို ကဗျာရွတ်၊ သီချင်းဆိုနှင့် ကျပန်းစကားပြောပြိုင်ပွဲများကျင်းပ

တပ်ကုန်း ဒီဇင်ဘာ ၂၄

နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်(အကြို) ကဗျာရွတ်၊ သီချင်းဆိုနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲကျင်းပခြင်းရည်ရွယ်ချက်များ ပြောကြားပြီးနောက် ပြိုင်ပွဲများကျင်းပရာ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် သီချင်းဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ကိုးဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနိုင်လင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုလက်ဆောင်များ ချီးမြှင့်ပေးကာ ပြိုင်ပွဲများအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၂၀ မှ*

ရင်ဆိုင်နေရတဲ့ စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းနိုင်ဖို့ရယ်၊ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချဖို့ ကတိကဝတ်ကို ဖြည့်ဆည်းနိုင်ဖို့ရယ်အတွက် အဏုမြူဓာတ်ပေါင်းဖိုတွေကို ၂၀၂၂ ခုနှစ်အတွင်းမှာ ကိုးလုံး၊ ၂၀၂၃ ခုနှစ်အတွင်းမှာ ခုနစ်လုံး ပြန်လည်ဖွင့်လှစ် လည်ပတ်သွားနိုင်ဖို့ ဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။ ဂျပန်အစိုးရအနေနဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ ရည်မှန်းချက်တွေ ပြည့်မီရေးအတွက် အရေးပါတဲ့ အဏုမြူစွမ်းအင်ကို ၂၀၃၀ ပြည့်နှစ်အရောက်မှာ နိုင်ငံလျှပ်စစ်စွမ်းအင်လိုအပ်ချက်ရဲ့ ၂၀ ကနေ ၂၂ ရာခိုင်နှုန်းအထိ ပြန်လည်ဖြည့်ဆည်းပေးသွားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။



ဂျပန်နိုင်ငံရှိ လျှပ်စစ်ကား ထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

နောက်ထပ်ကြိုးပမ်းမှုတစ်ခုကတော့ လျှပ်စစ်ကား ပြောင်းလဲထုတ်လုပ်ရေးဖြစ်ပါတယ်။ ဂျပန်နိုင်ငံ ကာဗွန်ထုတ်လွှတ်မှု စုစုပေါင်းရဲ့ ၁၆ ရာခိုင်နှုန်းဟာ မော်တော်ယာဉ်တွေကနေ ထုတ်လွှတ်မှုဖြစ်တဲ့အတွက် စက်မှုကဏ္ဍနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍပြီးရင် တတိယအကြီးဆုံး ကာဗွန်ထုတ်လွှတ်မှုကဏ္ဍ ဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်အစိုးရဟာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး မော်တော်ကားတွေ ထုတ်လုပ်မှုကို လာမယ့် ၁၅ နှစ်အတွင်းမှာ အပြီးရပ်ဆိုင်းသွားဖို့လည်း စီစဉ်လျက်ရှိပါတယ်။

ဂျပန်နိုင်ငံရဲ့ မော်တော်ကား ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေအနေနဲ့ ဂျပန်အစိုးရရဲ့ အစိမ်းရောင်နည်းပညာ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်မှာ လိုက်ပါ ဆောင်ရွက်နိုင်စေရေးကို အထောက်အကူပေးနိုင်ဖို့အခွန်အကောက်ဆိုင်ရာ လျှော့ချပေးမှုတွေအပြင် ယန်းနှစ်ထရီလီယံ ၁၉ ဒသမ ၄ ဘီလီယံ ဒေါ်လာ အစိမ်းရောင်ရန်ပုံငွေတစ်ရပ်ကိုလည်း ဖန်တီးပေးခဲ့ပါတယ်။ ဒီအစီအစဉ်အရ ၂၀၃၀ ပြည့်နှစ်အရောက်မှာ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးမော်တော်ကားတွေနေရာမှာ လျှပ်စစ်ကားတွေနဲ့ အစားထိုးသွားမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံက မော်တော်ယာဉ်ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေအနေနဲ့လည်း မိမိတို့ကုမ္ပဏီအလိုက် ကာဗွန်ထုတ် လွှတ်မှုလျှော့ချရေးကို အသီးသီး ရည်မှန်းချက် ချမှတ်ဆောင်ရွက်လာခဲ့ကြပါတယ်။ ဂျပန်အစိုးရကလည်း ဒီလိုကုမ္ပဏီကြီးတွေအတွက် စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုနဲ့ အထောက်အကူပြုမှုတွေကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

အကျဉ်းချုပ်ရရင် ဂျပန်နိုင်ငံဟာ လူဦးရေ ၁၂၄ သန်းကျော်နဲ့ ဂျီဒီပီ ၅ ဒသမ ၀၄ ထရီလီယံ ဒေါ်လာရှိတဲ့ ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ တရုတ်၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယနဲ့ ရုရှားနိုင်ငံတို့ပြီးရင် ဆဋ္ဌမမြောက် ဖန်လုံအိမ်ဓာတ်ငွေ့အများဆုံး ထုတ်လွှတ်တဲ့နိုင်ငံဖြစ်ပါတယ်။ ဂျာမနီနဲ့ အမေရိကန်လို စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင်တောင် ဂျပန်နိုင်ငံရဲ့ စွမ်းအင်ကို ထိရောက်စွာသုံးစွဲမှုက ပိုမိုမြင့်မားပါတယ်။

ဂျပန်ပြည်သူတွေရဲ့ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားမှု၊ နိုင်ငံအနှံ့ဖြန့်ကျက်တည်ဆောက်ထားတဲ့ထိရောက်တဲ့ရထားပို့ဆောင်ရေး ကွန်ရက်တည်ရှိမှုတွေဟာ ဂျပန်နိုင်ငံရဲ့ အားသာချက်တွေဖြစ်ပါတယ်။ သို့သော်လည်းတစ်ချိန်တည်းမှာ ဂျပန်နိုင်ငံရဲ့ စွမ်းအင်သုံးစွဲမှုအခြေအနေပြဇယား (Power Generation Mix) ကို ပြန်ကြည့်ရင် ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့စတဲ့ ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာတွေအပေါ် အများအပြား မှီခိုနေရဆဲဖြစ်ပါတယ်။ အဏုမြူစွမ်းအင်ကို တိုးမြှင့်သုံးစွဲဖို့ ရည်မှန်းချက်ဟာလည်း ၂၀၁၁ ခုနှစ် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို ဖြစ်စဉ်ကြောင့် နှောင့်နှေးတုံ့ဆိုင်းခဲ့ရပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ ၂၀၅၀ ပြည့်နှစ်အရောက်မှာ နိုင်ငံတွင်း carbon neutrality ရရှိလာစေရေး ရည်မှန်းချက်ဟာ စိန်ခေါ်မှုတွေ အများအပြားကို ရင်ဆိုင်ရမယ့် မြင့်မားတဲ့ မျှော်မှန်းချက် (Ambitious goal) ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ရရှိဖို့ ကုန်သွယ်မှုပုံစံ အပြောင်းအလဲတွေ၊ စက်မှုလုပ်ငန်းဆိုင်ရာ မျှော်မှန်းချက်အသစ်တွေ ချမှတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေအတွက် ရင်းနှီးမြှုပ်နှံမှု အမြောက်အမြားလိုအပ်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရ အပိုင်းကရော၊ ပုဂ္ဂလိကအပိုင်းကပါ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ ပုဂ္ဂလိက စီးပွားရေးကုမ္ပဏီကြီးတွေအနေနဲ့ ဈေးကွက်အတွင်းမှာ ပြိုင်ဆိုင်မှုတွေ၊ နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်း စည်းကမ်းတွေ၊ အစုရှယ်ယာဝင်တွေရဲ့ အကျိုးစီးပွားတွေကို ထည့်သွင်းတွက်ချက်လုပ်ကိုင်ဆောင်ရွက်ကြတဲ့အခါ ကာဗွန်လျှော့ချရေးဆိုင်ရာ ရည်မှန်းချက်တွေကို အတိအကျလိုက်နာဖို့ အခက်အခဲတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

မည်သို့ပင်ဖြစ်စေ ဂျပန်နိုင်ငံအနေနဲ့ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှု စွမ်းရည်ရှိတာရယ်၊ စက်မှုကဏ္ဍ အပြောင်းအလဲအတွက် အဆင့်အတန်းမြင့်မားတဲ့ နည်းပညာပိုင်ဆိုင်မှုရှိတာရယ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့ ပြည်သူတွေရှိတာရယ် စတဲ့အချက်တွေကြောင့် ဂျပန်နိုင်ငံရဲ့ ၂၀၅၀ မှာ ကာဗွန်ထုတ်လွှတ်မှုကင်းစင်တဲ့ နိုင်ငံတစ်ခုဖြစ်လာစေရေး ရည်မှန်းချက်တွေ အောင်မြင်မှုရရှိမယ့်အလားအလာတွေ အများကြီးရှိနေကြောင်း တင်ပြလိုက်ရပါတယ်။ မိတ်ဆွေဂျပန်နိုင်ငံရဲ့ ရည်မှန်းချက်တွေ အောင်မြင်မှုရရှိပါစေလို့လည်း ဆုမွန်ခြွေသလိုက်ပါတယ်။ ။


## ရည်ညွှန်း

- How to save the planet by Hiroshi Ono (Unlock the Real Japan, A Special Magazine by Nikkei Asia)
- Japan's initiatives to cope with global environmental problems (Ministry of Foreign Affairs of Japan)
- Annual Report on Environment in Japan 2022 (Ministry of Environment of Japan)
- How Japan could reach carbon neutrality in 2050 (McKinsey Sustainability, August 2021)
- Japan Newspapers

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်းရှိ

(၂၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၄၉) ခုအား စစ်ဆေးပြီး စီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၈၇,၃၅၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၀၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၂၀၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၉) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၉) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၆၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၄၆ |
| 95 Ron | ၁၉၅၇ | ၂၀၂၉ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၆၈ |
| HSD (50 ppm) | ၂၂၆၈ | ၂၃၄၃ |
| HSD (10 ppm) | ၂၂၆၈ | ၂၃၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဟာဓမ္မိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ သုံးပါးရတနာကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ (ဓမ္မဝုန်း)ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံ(ညောင်ပင်သာ) ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရတနာပုံကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဇေယျကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဓမ္မဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌအား ကိုရီးယားနိုင်ငံမှ ချီးမြှင့်ဆက်ကပ်တော်မူသည့် ကမ္ဘာ့ငြိမ်းချမ်းရေး ပါရဂူဒေါက်တာဘွဲ့အား ထပ်ဆင့်ဂုဏ်ပြု ချီးကျူးပူဇော်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗိုလ်တထောင်စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိအား ကိုရီးယားသမ္မတနိုင်ငံမှ ချီးမြှင့်ဆက်ကပ်တော်မူသည့် ကမ္ဘာ့ငြိမ်းချမ်းရေးပါရဂူဒေါက်တာဘွဲ့အား ထပ်ဆင့်ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နန်းဦးဘုရားကြီး တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)ဆရာတော်၊ ဗိုလ်တထောင်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဆရာတော်ကြီးများ၊ ပင့်ဖိတ်ထားသည့် သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ဘာသာပေါင်းစုံညီညွတ်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဩဝါဒါစရိယ ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မတ္တရာဆရာတော် အရှင်သူမြတ်က ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိ အရှင်သူမြတ်၏ ထေရုပ္ပတ္တိအား ဖတ်ကြားပူဇော်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကမ္ဘာ့ငြိမ်းချမ်းရေးပါရဂူဒေါက်တာဘွဲ့ တံဆိပ်တော်ကို ဆက်ကပ်ပြီး **(အပေါ်ပုံ)** ဗိုလ်တထောင်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးအောင်ကိုဇော်က ထပ်ဆင့်ဂုဏ်ပြုလွှာနှင့် ထိုင်းနိုင်ငံဗိုလ်ချုပ်ကြီးက လှူဒါန်းသော သင်္ကန်းတော်ကို ဆက်ကပ်၍ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဂေါပကအဖွဲ့နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**အာကာလင်း**

# ညောင်လေးပင်၌ ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်

**ညောင်လေးပင် ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး(အရှေ့) ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ခန်းမဆောင်၌ ဒီဇင်ဘာ ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး (Working Group )မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်ခရိုင် လဝကဦးစီးမှူး ဒေါ်နီလာထွန်းက သင်တန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားများအား မြေပြင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကို သင်တန်းနည်းပြများက သင်ကြားပေးသည်။

အဆိုပါသင်တန်းသို့ ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ကျောက်ကြီးမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သိန်းညွန့် (PZL)**

# မောင်တောမြို့၌ လမ်းညွှန်ဆိုင်းဘုတ်များ၊ အန္တရာယ်သတိပေးလမ်းညွှန်များ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**မောင်တော ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လမ်းအသုံးပြုသူများ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်စေရေးအတွက် ရည်ရွယ်၍ မောင်တောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ငွေတောင် – သာယာကုန်း – မကျည်းကုန်းကျေးရွာချင်းဆက်လမ်း ၂/၆ ဒသမ ၆ မိုင်ပေါ်၌ ဆောင်ရွက်ထားရှိသည့် လမ်းညွှန်ဆိုင်းဘုတ်များ၊ အန္တရာယ်သတိပေးဆိုင်းဘုတ်များ စိုက်ထူပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံထွန်းအောင်နှင့် အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးရာ ဦးစီးအရာရှိ(မြို့ပြ) ဦးခင်မောင်ဦးက ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

**သက်လွင်စိုး (ခရိုင်ပြန်/ဆက်)**

**ဥတုရာသီ တောကိုမှီ၍**

# ဘားအံ - ကော့ကရိတ်သွားလမ်းပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစားတံတားအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဘားအံ – ကော့ကရိတ်သွားကားလမ်း မိုင်တိုင်အမှတ် ၁၁၁ နှင့် ၁၁၂ ကြား ငါးတိုင်ကျေးရွာ၏ အရှေ့ဘက် မီတာ ၁၅၀၀ ခန့်အကွာရှိ အရှည် ၄၆ ပေ၊ အကျယ် ၃၂ ပေ၊ အမြင့် ၁၂ ပေ ရှိ သံကူကွန်ကရစ်အမျိုးစားတံတားအား ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ဘားအံမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့သွားသည့် ကားလမ်း၏ ညာဘက်ခြမ်းမှာ နှစ်ပေပတ်လည်ခန့် ပေါက်ထွက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

အဆိုပါ တံတားပျက်စီးမှုအား သက်ဆိုင်ရာမှ အမြန်ဆုံး ပြန်လည်ပြင်ဆင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❒ *ကျောဖုံးမှ*

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၀ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၃ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

မုန်တိုင်းငယ်သည် အနောက် – အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် သီရိလင်္ကာနိုင်ငံကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှနောက် ၄၈ နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# AFF Cup ပြိုင်ပွဲ အပြန်အလှန်သွင်းဂိုးများဖြင့် စင်ကာပူကို အဝေးကွင်း၌ မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့အဖြစ် စင်ကာပူအသင်းနှင့် မြန်မာအသင်းတို့ ဒီဇင်ဘာ ၂၄ ရက်က စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းအတွက် နှစ်နာသည့် နောက်ထပ်ပွဲဖြစ်ပြီး အဆုံးသတ်အားနည်းမှု၊ ခံစစ်ပိုင်းအားနည်းမှုများကြောင့် အဝေးကွင်း၌ အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အဝေးကွင်း၌ စင်ကာပူကို အပြန်အလှန်သွင်းဂိုးများဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲကစား နှစ်ပွဲရှုံးဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးနည်းပါးသွားပြီဖြစ်သည်။

မြန်မာအသင်းသည် မျိုးမင်းလတ် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ သီဟထက်အောင်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ လင်းထက်စိုး၊ မောင်မောင်လွင်၊ ဟိန်းထက်အောင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့ပြီး မလေးရှားနှင့်ကစားခဲ့သည့် ပထမပွဲမှ ပွဲထွက်လူစာရင်းကို သုံးဦးသာပြောင်းလဲခဲ့ကာ ကျော်ဇင်လွင်နေရာတွင် ဟိန်းဖြိုးဝင်း၊ ဂိုးသမား ကျော်ဇင်ဖြိုးနေရာတွင် မျိုးမင်းလတ်၊ ရန်နိုင်ဦးနေရာတွင် လင်းထက်စိုးတို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် အားကုန်ထုတ်ကစားခဲ့ပြီး ပွဲအစပိုင်းမှလွဲ၍ ကျန်မိနစ်များတွင် အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၃၃ မိနစ်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး အောင်ကောင်းမာန်၏ ပေးပို့မှုမှ တစ်ဆင့် အသင်းခေါင်းဆောင် မောင်မောင်လွင်က သွင်းယူခဲ့သည်။

ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ဂိုးထပ်ရနိုင်သည့် အပိုင်အခွင့်အရေး နှစ်ကြိမ်ရခဲ့သော်လည်း မောင်မောင်လွင်နှင့် အောင်ကောင်းမာန် အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် စင်ကာပူအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူး အီဟာန်ဖန်ဒီက ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ရှာဟီရန်က စင်ကာပူအသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သဖြင့် မြန်မာအသင်း နောက်မှလိုက်ကစားခဲ့ရသည်။ မြန်မာအသင်းသည် ချေပဂိုးရရှိရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၆၅ မိနစ်တွင် အသင်းခေါင်းဆောင် မောင်မောင်လွင်က ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် ၇၅ မိနစ်တွင် ရှာဝယ်က မြန်မာနောက်ခံလူများနှင့် ဂိုးသမား မျိုးမင်းလတ်တို့၏ အားနည်းချက်ကို အသုံးချကာ အနိုင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးထပ်ပေးလိုက်ရသော်လည်း စိတ်ဓာတ်မကျဘဲ ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ဝင်းနိုင်ထွန်းနှင့် ရဲရင့်အောင်တို့ အပိုင်အခွင့်အရေးများ ရခဲ့သော်လည်း လွဲချော်ခဲ့သဖြင့် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာအသင်းသည် နှစ်ပွဲကစား နှစ်ပွဲရှုံးဖြင့် အမှတ်မရသေးဘဲ စင်ကာပူအသင်းမှာမူ တစ်ပွဲကစား တစ်ပွဲနိုင် သုံးမှတ်ရရှိထားသည်။

မြန်မာအသင်းသည် အုပ်စု တတိယပွဲအဖြစ် ဒီဇင်ဘာ ၃၀ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်သည်။

သတင်း–ရဲရင့်လွင်

ဓာတ်ပုံ–MFF




စင်ကာပူနှင့် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရိုးရာဒုန်းမြင်းစီးပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြင်းစီးအားကစားပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

"စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေ နဲ့ ကျင်းပတာပါ။ နေပြည်တော်မှာ မြင်းစီးအားကစားကွင်းရှိတယ်။ သွားလာရခက်ခဲတာကြောင့် မြောက်ဒဂုံ မြင်းစီးကစားကွင်းမှာ စီစဉ် လိုက်ရတာပါ။ မြင်း ၄၀ ကျော် ယှဉ်ပြိုင်ဖို့ ခန့်မှန်းထားတယ်။ ယခု မြင်း၂၀ ကျော် ရောက်နေပါပြီ။ အစဉ်အလာကြီးမားတဲ့ စိန်ရတုလွတ်လပ်ရေးနေ့ပွဲမှာ မြင်းစီးအားကစားဝါသနာပါတဲ့ ပုဂ္ဂိုလ်များ လာရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခြင်း ဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်အကြံပေး ဦးသန်းဝင်းက ပြောသည်။ အဆိုပါပြိုင်ပွဲ၌ ရိုးရာဒုန်းမြင်းစီးအားကစားအငယ်တန်းတွင် အမြင့် ၄ ပေ ၁၀ လက်မအောက်၊ အလတ်တန်းတွင် ၄ပေ ၁၀ လက်မ မှ ၅ ပေအထိ၊ အကြီးတန်းတွင် ၅ ပေ၂ လက်မအထက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြင်းစီးပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ ရောဂတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးမှ မြင်းစီးအားကစားသမား၂၀ကျော် ရောက်ရှိနေကြောင်း သိရသည်။ ယင်းပြိုင်သို့ ထပ်မံဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၀၉–၇၉၅၄၀၈၀၅၊ ၀၉–၅၀၂၁၃၂၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **အာကာစိုး၊ ဓာတ်ပုံ–တင်စိုး**



## သတင်းတိုများ

- နိုင်ငံတကာ ကစားသမား ဘဝမှ ကင်မရွန်းဂိုးသမား အိုနာနာ အနားယူကြောင်း သိရသည်။ အိုနာနာသည် ကင်မရွန်းအသင်းနှင့် ပွဲဦးထွက်ကို ၂၀၁၆ ခုနှစ်တွင် ကစားခဲ့သည်။
- အယ်နာဆာအသင်းသည် ဇန်နဝါရီတွင် စီရော်နယ်ဒိုကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဟု ယုံကြည်နေသည်။
- နယူးကာဆယ်အသင်းသည် မိုချန်ဂလာဘတ်အသင်းမှ ပြင်သစ် တိုက်စစ်ကစားသမား သူရမ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘာစီလိုနာအသင်း အနေဖြင့် ကက်ဆီနှင့် ဘယ်လာရင်ကို ဇန်နဝါရီတွင် ရောင်းချသွားဖွယ် မရှိဟုဆိုသည်။
- အာဆင်နယ် ပစ်မှတ်ထားနေသည့် ရီးရဲမက်ဒရစ်မှ အေဆန်စီယိုကို ပီအက်စ်ဂျီအသင်း ခေါ်ယူလိုနေသည်။

## ပီအက်စ်ဗွီတိုက်စစ်ကစားသမား ဂတ်ပိုကိုခေါ်ယူရေး မန်ယူအသင်း ဆွေးနွေးနေ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဂတ်ပိုအား ခေါ်ယူရေးနှင့် ပတ်သက်ပြီး ပီအက်စ်ဗွီအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် အသက် ၂၃ နှစ်အရွယ် တိုက်စစ်ကစားသမားကို ခေါ်ယူလိုနေပြီး နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းကလည်း ဘဏ္ဍာရေးအခက်အခဲရှိနေခြင်းကြောင့် အဆိုပါ တိုက်စစ်ကစားသမားကို လာမည့်အပြောင်းအရွှေ့ကာလတွင် ပေါင်သန်း ၅၀ အောက်ဖြင့် ရောင်းထုတ်သွားဖွယ်ရှိနေသည်။

နည်းပြတန်ဟတ်သည် စီရော်နယ်ဒိုနှင့် အသင်းကြား နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းပြီး နောက် ဂတ်ပိုရောက်ရှိလာခြင်းက ရာသီကုန်တွင် အဆင့် (၄) အတွင်းဖြင့် ရာသီပိတ်သိမ်းနိုင်မည်ဟု ယုံကြည်နေ သည်။ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးများရယူနိုင်ခဲ့သော ဂတ်ပိုအား နာမည်ကြီး ရီးရဲမက်ဒရစ်၊ အာဆင်နယ်နှင့် နယူးကာဆယ် အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

သို့သော်လည်း အခြားသော အသင်းများထက် မန်ယူအသင်းက လက်ဦးမှုရယူကာ ဂတ်ပိုကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူသွားဖွယ်ရှိနေသည်။ ဂတ်ပိုသည် ပီအက်စ်ဗွီအသင်းအတွက် ၁၅၉ ပွဲ ပါဝင်ကစားထားပြီး ၅၅ ဂိုးသွင်းယူပေးထားနိုင်သည်။



## လိဒ်စ်ခံစစ်ကစားသမား ဒီယေဂိုအား စာချုပ်သစ်ချုပ်ဆို

လိဒ်စ်ခံစစ်ကစားသမား ဒီယေဂို လော်ရန်တေးသည် အသင်း၌ ၂၀၂၆ ခုနှစ်ရှိမည်ဖြစ်သည့် သုံးနှစ်ခွဲသက်တမ်းတိုးစာချုပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။

စပိန်ကစားသမားသည် လိဒ်စ်အသင်းသို့ ၂၀၂၀ ပြည့်နှစ်တွင် ဆိုစီဒက်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူ ဖြစ်သည်။ အသက် ၂၉ နှစ်အရွယ် အဆိုပါ ကစားသမားသည် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၅ ပွဲ ပါဝင်ကစားထားပြီး လေးဂိုးသွင်းယူပေးထားသည်။

ထို့ပြင် အသင်းဖော် ပါစ်ကယ် စထရုဒ်ဂျက်သည်လည်း ဗုဒ္ဓဟူးနေ့က အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။ နည်းပြ ဂျက်ဆီမာ့ချ်၏ လိဒ်စ်အသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့် (၁၅) တွင် ရပ်တည်နေပြီး လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် မန်စီးတီးအသင်းနှင့် ရင်ဆိုင်ကစားသွားရမည်ဖြစ်သည်။

## ရာနီရေရီကို ကက်ဂလီယာရီအသင်းနည်းပြအဖြစ် ပြန်လည်ခန့်အပ်

ကလောက်ဒီယို ရာနီရေရီသည် ဆယ်စုနှစ် သုံးခုကြာပြီးနောက်တွင် ကက်ဂလီယာရီ နည်းပြအဖြစ် ပြန်လည်ခန့်အပ်ခြင်းခံခဲ့ရကြောင်း သိရသည်။

အီတလီကလပ် ကက်ဂလီယာရီ ကို ၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်ကြား တာဝန်ယူကိုင်တွယ်ခဲ့ပြီး စီးရီးစီမှ စီးရီးအေသို့ ရောက်ရှိအောင် ကူညီပေးထားနိုင်သည့်အတွက် လူသိများလာခဲ့သည်။ ထို့နောက်တွင် ၎င်းသည် နာပိုလီ၊ အက်သလက်တီကို မက်ဒရစ်၊ ချယ်ဆီး၊ ဂျူဗင်တပ်စ်၊ ရိုးမား၊ အင်တာမီလန်၊ မိုနာကို၊ လက်စတာ၊ ဝက်ဖို့ဒ်စသည့်အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့သည်။

ဇန်နဝါရီတွင် ဝက်ဖို့ဒ်အသင်းက ထုတ်ပယ်ခြင်းခံခဲ့ရသော ရာနီရေရီသည် ကက်ဂလီယာရီအသင်းနှင့် ၂၀၂၅ ခုနှစ်အထိရှိမည်ဖြစ်သည့် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရသည်။ အသက် ၇၁ နှစ် အရွယ်ရှိ ရာနီရေရီကို ယခုသီတင်းပတ်အစောပိုင်းတွင် ထုတ်ပယ်ခြင်းခံခဲ့ရသော ဖေဘီယို၏ နေရာတွင် အစားထိုးခန့်အပ်ခြင်း ဖြစ်သည်။



အောင်ဇော် – စုစည်းသည်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားများက ဆားလင်းကြီးမြို့နယ်နှင့် ရေဦးမြို့နယ်တို့ရှိ ဌာနဆိုင်ရာရုံးများအတွင်း ဝင်ရောက်ကာ ဌာနပိုင်မော်တော်ယာဉ်များနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ ခြိမ်းခြောက်လုယက်ယူဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ဆားလင်းကြီးမြို့နယ်နှင့် ရေဦးမြို့နယ်တို့ရှိ ဌာနဆိုင်ရာရုံးများအတွင်း ဝင်ရောက်ကာ ဌာနပိုင်မော်တော်ယာဉ်များနှင့် ရုံးအသုံးအဆောင်ပစ္စည်းများကို ခြိမ်းခြောက်လုယက်ယူဆောင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် ည ၁၁ နာရီခွဲတွင် ဆားလင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံးဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လာပြီး ရုံးကားဂိုဒေါင်အတွင်း သိမ်းဆည်းထားသည့် ဌာနပိုင် New Holland 40HP အမျိုးအစား လယ်ထွန်စက် နှစ်စီး၊ ခုနစ်ပေရှိ Rotavator တစ်လက်၊ Toobox တစ်ခု၊ Air Compressor တစ်လုံး၊ ဒီဇယ်ဂါလန် ၃၀၀ တို့ကိုလည်းကောင်း၊ အမှတ် (၃) ရပ်ကွက်ရှိ မြို့နယ်သမဝါယမရုံးအတွင်းသို့ တံခါးများကို ဖျက်ဆီးဝင်ရောက်ကာ ရုံးအတွင်းသိမ်းဆည်းထားသည့် CD-100 N အမျိုးအစား လက်တွန်းထွန်စက် တစ်စီး၊ RISO မိတ္တူကူးစက် တစ်လုံး၊ ရေမော်တာ တစ်လုံး၊ ပန်ကာ တစ်ခု၊ ဖိုင်ဘာခုံ အလုံး ၁၀၀ အားလည်းကောင်း၊ အဆိုပါရုံးဝင်းအတွင်းရှိ "ရွှေပြည်လင်း" သမဝါယမအသင်း အရောင်းဆိုင်အတွင်းမှ Legal စက္ကူပုံး သုံးပုံး၊ A4 စက္ကူပုံး သုံးပုံးနှင့် ကျောင်းသုံးစာရေးကိရိယာမျိုးစုံ ခန့်မှန်းတန်ဖိုး ငါးသိန်းကျပ်ခန့်တို့ကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၆ နာရီ ၅ မိနစ်က ရေဦးမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ မျိုးသန့်ခြံဝင်းအတွင်း၌ ခြံအလုပ်သမားများဖြစ်သည့် ဦးမျိုးလွင်(၄၇ နှစ်)နှင့် ဦးမောင်ထွန်း(ခ)ဝင်းမင်းထွန်း(၂၅ နှစ်)တို့ နှစ်ဦး ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်လာပြီး ၎င်းတို့နှစ်ဦးကို သေနတ်များဖြင့် ခြိမ်းခြောက်၍ မျိုးသန့်ခြံ၌ အသုံးပြုနေသည့် New Holland 50Hp အမျိုးအစား လယ်ထွန်စက် တစ်စီးနှင့် ဦးမျိုးလွင်၏ လက်ကိုင်ဖုန်းတစ်လုံးတို့အား လုယက်ယူဆောင်ကာ ထွက်ခွာသွားပြီး မျိုးသန့်ခြံဝင်ပေါက်၌ လက်လုပ်မိုင်း နှစ်လုံးကို ဆိုင်ကယ်ဘတ္တရီအိုး နှစ်လုံးဖြင့် ချိတ်ဆက်ထောင်ထားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဌာနဆိုင်ရာရုံးများမှ ဌာနပိုင်မော်တော်ယာဉ်များနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ လုယက်ယူဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြင်စည်လျှပ်စစ်ခွဲရုံ၌ လျှပ်စစ်ပစ္စည်း ပွင့်ထွက်ပြတ်တောက်၍ နေ့ချင်းပြီးပြင်ဆင်ပေး



**နွားထိုးကြီး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပြင်စည်မင်းသားကြီး၏ရှေးမြို့ဟောင်း ပြင်စည်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ရွာ ၂၀ ကျော်ကို လျှပ်စစ်မီးပေးနေသော ပြင်စည်လျှပ်စစ်ခွဲရုံတွင် ဒီဇင်ဘာ ၂၂ ရက်က ကေဘယ်ကြိုးပွင့်ထွက်လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ကြောင်း နွားထိုးကြီးလျှပ်စစ်မန်နေဂျာက ပြောသည်။

ပြင်စည်စံပြရွာကြီး မီးလင်းရေးအတွက် မန္တလေးမှ မှာယူပြီး ဓာတ်အားပြန်ရအောင် နေ့ချင်းပြီး နွားထိုးကြီး လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ပေးနိုင်သဖြင့် ပြင်စည် ၃၃ ကေဗွီ လျှပ်စစ်မီး ဆက်လက်ရရှိခဲ့ကြောင်း နွားထိုးကြီး လျှပ်စစ်ရုံးထံမှ သိရသည်။ (ဝ၁၈)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နတ်မောက်မြို့နယ် ဒီးဒုတ်ခင်ကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သမားများက ဆရာမတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့ကို ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည်ဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဒီးဒုတ်ခင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ဒီးဒုတ်ခင်)မှ အလယ်တန်းပြဆရာမ တစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့ နှစ်ဦးသည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး မောင်းနှင် ထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဆရာမဖြစ်သူသည် ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး ခင်ပွန်းဖြစ်သူသည် ကျည်ထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ကားအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက်တွင် တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဘုရားကြီးမြို့အထွက် ရွှေသံလွင်တိုးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကားအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော ISUZU အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်နှင့်သစ်မာ ၁၈ ဒသမ ၈၆၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၄၄၁၂)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၈၈၄၄၁၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်လျက်

အလားတူ ဒီဇင်ဘာ ၂၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့နယ် ကျောက်ရပ်ကျေးရွာ မြိတ် - ထားဝယ် ကားလမ်းပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရော်ဘာကြိတ်ရာတွင် ထည့်သွင်းရသော ဓာတုဆေးရည်တစ်မျိုးဖြစ်သည့် Concentrated Acid for Rubber ၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Golden Dragon MINI BUS အမျိုးအစား မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ငဖဲမြို့နယ် ပျဉ်းဝ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ TOYOTA Wish နှင့် HONDA Fit အမျိုးအစား မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၀၀၀၀၀)နှင့် မကွေးမြို့ မြို့အဝင်(မြောက်ဘက်ဂိတ်) ကံပြားကျေးရွာ၌ လိုင်စင်မဲ့ Subaru Sambar TT2 အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်မြို့နယ် သရက်-ကိုးပင်ရွာသွားကားလမ်းဝဲဘက်ခြမ်း နှစ်ဖာလုံခန့်အကွာ၌ တရားမဝင် ကျွန်းခွဲသားဆိုက်စုံ ၁ ဒသမ ၅၀၄၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၃၀၃၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၉၉၃၀၃၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

### တရားမဝင်သစ်ဖမ်းဆီး

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် ကန့်ဘလူမြို့နယ်၌ လိုင်စင်မဲ့ Toyota Dyna အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်တွင် ကသာမြို့ မိုးတားလေးကျေးရွာအနီး ဧရာဝတီမြစ်ဆိပ်အနီး၌ အင်နှင့်ကညင်သစ်ခွဲသား ၃၅ ဒသမ ၁၂၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၈၀၉၀)နှင့် ဒီဇင်ဘာ ၂၃ ရက်တွင် တမူး - ချောင်းဆုံသွားလမ်း စစ်တောင်းလမ်းဆုံအနီး တောစပ်၌ တရားမဝင် ကညင်သစ်ခွဲသား ၂ ဒသမ ၉၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၂၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၁၀၂၉၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၈၈၇၇၃၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

